မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်၊ ၂၀၀၈ ခုနှစ်၊ မေ ၂၄ ရက်၊ စနေနေ့၊ အတွဲ (၄၇)၊ အမှတ် (၂၃၂)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ နိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ရောက်ရှိနေသည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့ဝင်များအား ယနေ့နံနက် ၁၀နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်

စာမျက်နှာ ၃ ကော်လံ ၁ ❒

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

ဘုရင့်နောင်ရိပ်သာ၌လက်ခံတွေ့ဆုံ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့ဝင်များအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

24-5 (01).pmd 1 5/24/2008, 2:08 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် မေ ၂၄ ရက်)

ထုတ်လုပ်ရေးလုပ်ငန်းများ အချိန်တိုအတွင်းပြီးမြောက်ရေး ပေါင်းစည်းညီညွတ်သည့် စွမ်းအားဖြင့် ဆောင်ရွက်

နိုင်ငံတော်အစိုးရဦးဆောင်လျက် ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာများ၏ ပူးပေါင်းမှု၊ နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ ထောက်ပံ့ကူညီမှုများဖြင့် လေဘေးသင့်ဒေသများ၌ ကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ရေရှည်ကာကွယ်ရေး လုပ်ငန်းများကို ဦးစားပေးအဆင့်လိုက် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

လေဘေးသင့်ပြည်သူများ၏ လတ်တလောလိုအပ်ချက်ဖြစ်သည့် အရေးပေါ်အကူအညီ၊ အစားအသောက်၊ အဝတ်အစား၊ ယာယီနေအိမ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုတို့ကို ဦးစားပေးစီမံ ဆောင်ရွက်ပေးခဲ့သည်။ လေဘေးမှလွတ်မြောက်သူများ၏ နေအိမ်များ ပြန်လည်တည်ဆောက်ရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ပေါင်းစည်း ညီညွတ်သည့် စွမ်းအားဖြင့် ဆက်လက်ဖော်ဆောင်ပေးလျက်ရှိသည်။

ဒုတိယနှင့် တတိယအဆင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အချိန်ယူရမည်ဖြစ်၍ နိုင်ငံတကာ၏ နည်းပညာနှင့် ထောက်ပံ့ကူညီမှုများ လိုအပ်မည်ဖြစ်သည်။ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် နိုင်ငံတကာအကူအညီနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အာဆီယံဦးဆောင်သော ညှိနှိုင်းရေးယန္တရားတစ်ရပ် ထူထောင်ကာ မိမိတို့နိုင်ငံ၌ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် နိုင်ငံတကာအလှူရှင်များ လှူဒါန်းမည့်ပမာဏကို ကတိကဝတ်ပြုကြမည့် အာဆီယံ-ကုလသမဂ္ဂကွန်ဖရင့်တစ်ရပ်ကို မြန်မာနိုင်ငံ၌ မေလ ၂၅ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ရာ လေဘေးဒဏ်သင့် ပြည်သူများအတွက် ကယ်ဆယ်ကူညီရေးလုပ်ငန်းများ ပိုမိုထိရောက်မြန်ဆန်လာမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ အပါအဝင် နိုင်ငံတကာနှင့် ပြည်တွင်းပြည်ပ စေတနာရှင် အလှူရှင်များ၏ ထောက်ပံ့ကူညီမှုများသည် လေဘေးသင့် ပြည်သူများအတွက် ခွန်အားသစ်များဖြစ်ပေါ်စေပြီး သဘာဝဘေးအန္တရာယ်ကြောင့် တွေ့ကြုံခဲ့ရသည့် အခက်အခဲများကို ကျော်လွှားလွန်မြောက်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သောဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပေါင်းစည်းညီညွတ်သည့် စွမ်းအားကိုအရင်းခံပြီး ပြည်တွင်းပြည်ပမှ စေတနာရှင်၊ အလှူရှင်များ၏ ပါဝင်ကူညီမှုဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြန်လည်ထူထောင်ရေးနှင့် သဘာဝဘေးအန္တရာယ် ကာကွယ်ရေးလုပ်ငန်းများ အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်ပြီးမြောက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော်ချောင်းဦး၌ကျင်းပမည်

ရန်ကုန် မေ ၂၃

စစ်ကိုင်းတိုင်း မုံရွာခရိုင် ချောင်းဦးမြို့နယ် ကျီကုန်းကျေးရွာ ဓမ္မရက္ခိတကျောင်း၌ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲနှင့် ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်ဖြစ်ရာ နာယက ဆရာတော် ဘဒ္ဒန္တဝိစာရ (စာချရုံသီကျောင်း၊ ရတနာပုဂံတိုက်၊ ချမ်းအေးသာစံမြို့နယ်)၊ ဘဒ္ဒန္တဝိသုတ (မကျည်းတောကျောင်းတိုက်၊ ချောင်းဦးမြို့)၊ ဘဒ္ဒန္တသီလာစာရ(ထန်းတပင်ကျောင်းတိုက်၊ အင်းစိန်မြို့)၊ ဘဒ္ဒန္တပညာသီရိ (ဓမ္မရက္ခိတကျောင်း ကျီကုန်းရွာ)၊ ကျေးရွာဥက္ကဋ္ဌနှင့် ကျေးရွာသူ ကျေးရွာသားတို့က ဦးဆောင်၍ ၁၃၇၀ပြည့်နှစ် ကဆုန်လပြည့်ကျော် ၇ရက်မှ နယုန်လဆန်း ၁ရက်(မေ၂၆ရက်မှ ဇွန်၄ရက်)အထိ သံဃာတော် အပါး၇၀တို့က ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပြီး အလှူရှင် ဦးမျိုးမြင့်သန်း-ဒေါ်ငြိမ်းငြိမ်းနိုင် မိသားစု၊ ဦးသိန်းတန်-သီရိသုဓမ္မသီဂီ၊ သီဟသုဓမ္မသီဂီ ဒေါ်သန်းသန်းနွဲ့မိသားစုနှင့် ခုနစ်ရက်သားသမီးများက စုပေါင်း၍ သံဃာတော်အပါး ၂၀၀တို့အား ဆွမ်းလောင်းလှူ၍ ဗုဒ္ဓပူဇနီယပွဲတော်ကို ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၅-၂၀၀၈ (စနေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၂း၀၀	၁။	မြဝတီအဖွင့်
၁၂း၀၅	၂။	အဖွင့်သီချင်း
၁၂း၁၀	၃။	မျိုးချစ်တပ်မတော်
၁၂း၂၅	၄။	ကျန်းမာသုတ
၁၂း၃၀	၅။	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **သားလေးမွေးရင် ကိုယ့်နာမည်ပေးပါ** သရုပ်ဆောင်-လွင်မိုး၊ ခိုင်သင်းကြည်
၁၃း၅၀	၆။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	မျိုးချစ်တပ်မတော်
၄း၂၅	၆။	အမျိုးသားရေးတေးကဗျာ
၄း၅၀	၇။	တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅း၄၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၂။	အံ့သြဖွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၆၇)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	English Usage
	၁၉။	ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သွေးသစ္စာအား** (အပိုင်း -၂၂)

ရော်ဘာစိုက်ပျိုးသည့်နှစ်မှစ၍ အစေးခြစ်နိုင်သည်အထိ တစ်နှစ်လျှင် တစ်ဧကကုန်ကျစရိတ်များ တွက်ချက်ပြုစုထား

ဘုသီးတောင်မြို့နယ် ရော်ဘာပျိုးပင်များ စိုက်ပျိုးထားရှိမှု ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော် ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် မေ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်ဇော်သည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၀ ရက် မွန်းလွဲ ၁နာရီခွဲက ဘုသီးတောင်မြို့သို့ရောက်ရှိပြီး မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း(နှစ်ရှည်) ရှေ့တန်းပညာပေးစခန်းရှိ ရော်ဘာပျိုးပင်များ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗိုလ်ချုပ်ခင်ဇော်အား ရှင်းလင်းဆောင်၌ မြို့နယ်တာဝန်ခံ ဒုတိယလက်ထောက် ကြီးကြပ်ရေးမှူး ဦးထွန်းအေးမောင်နှင့် ပြည်နယ် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း မန်နေဂျာ ဦးနိုင်ဦးတို့က မြို့နယ်အတွင်း ရော်ဘာစိုက်ပျိုးထားရှိမှုနှင့် မေယုတောင်တန်း ရော်ဘာဧကတစ်သိန်း စိုက်ပျိုးထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ခင်ဇော်က ရော်ဘာစိုက်ပျိုးသည့်နှစ်မှ စတင်၍ အစေးခြစ်နိုင်သည်အထိ တစ်နှစ်လျှင်တစ်ဧက ကုန်ကျစရိတ်များ တွက်ချက်ပြုစုထားရှိရေး၊ ပျိုးပင်များ အလေအလွင့်မရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

ဘုသီးတောင်မြို့နယ်အနေဖြင့် ရော်ဘာပျိုးပင်များကို ၂၀၀၅-၂၀၀၆ခုနှစ်မှ စတင်စိုက်ပျိုးကာ ယနေ့အထိ ၁၄၈၈ပင် စိုက်ပျိုးပြီး လျာထားဧက၂၅၀၀ ကို ပြည့်မီအောင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့သည် ညနေ၄နာရီတွင် မောင်တောမြို့သို့ ရောက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း ကွမ်းခြံကုန်း-လက်ခုပ်ကုန်းလမ်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် မေ၂၁ရက်က ရန်ကုန်တောင်ပိုင်းခရိုင် အင်ဂျင်နီယာမှူး ဦးမြသက်အောင်နှင့်အတူ မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော ကွမ်းခြံကုန်း-လက်ခုပ်ကုန်းလမ်း၊ တံတားများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ညှိနှိုင်းဆွေးနွေး

ဒုတိယဝန်ကြီးသည် ပျက်စီးသွားသော တံတားငယ်များ အမြန်ပြန်လည်ပြုပြင်တည်ဆောက်ရန်နှင့် ရေကျော်လမ်းပိုင်းများကို အမြန်ပြန်လည်ပြုပြင်နိုင်ရေး ညှိနှိုင်းဆွေးနွေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းအလုံမြို့နယ် ဆင်ဝင်လမ်း အမှတ် ၁၂နေ ဒေါက်တာ ဦးအုန်းဟန် အသက်(၇၄)နှစ်ပြည့် မွေးနေ့ အလှူအဖြစ် ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း တိပိဋက ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက်အလှူငွေကျပ် တစ်သိန်းကို အနုနာယက ဆရာတော်ထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ) ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်နှင့် တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မူးယစ်ကင်းစင် အလှဆင်

မင်္ဂလာဈေးသံဃဒါန ဆွမ်းလောင်းအသင်း အရှက်ဆွမ်းလောင်းလှူမည်

ရန်ကုန် မေ ၂၃

မင်္ဂလာဈေး သံဃဒါန ဆွမ်းလောင်းအသင်းသည် ကဆုန်လပြည့် လကွယ်၊ နယုန်လပြည့် လကွယ်နှင့် ဝါတွင်း ဥပုသ်နေ့တိုင်း ၁၃ပတ် အရုဏ်ဆွမ်း၊ ဆွမ်းဟင်း၊ ဆွမ်းဆန်အိတ်နှင့် သင်္ကန်းဒွိစုံများ ဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

❐ ရှေ့ဖုံးမှ

သံအမတ်ကြီးဦးကျော်တင့်ဆွေနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အတူ Mr.Vijay Nambiar, Senior Adviser၊ Mr. John Holmes, Senior Adviser၊ Mr.Michael Meyer, Director for Communications, EOSG၊ Mr. Bishow Parajuli, Resident Coordinator,Yangon နှင့် Mr. Daniel B.Baker, Representative, United Nations Population Fund တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရောက်ရှိနေသည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီတွင် နေပြည်တော်လေဆိပ်သို့ အထူးလေယာဉ်ဖြင့် ရောက်ရှိကြသည်။

ကြိုဆိုနှုတ်ဆက်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင်ရှိ လေဘေးကယ်ဆယ်ရေးစခန်းများ တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် မြို့သစ်(က/၁) ရပ်ကွက်ရှိ ဖောင်တော်ဦး ရပ်တော်မူဘုရားကြီးဝင်းအတွင်းရှိ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိ၍ ဆရာတော် ဘဒ္ဒန္တပုညနန္ဒအား ဖူးမြော်ကြည်ညိုပြီး ဓမ္မာရုံအတွင်းရှိ လေဘေးသင့် အိမ်ထောင်စုများအား အားပေးစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် လှိုင်သာယာမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၌ ဖွင့်လှစ်ထားသော လေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိ၍ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြား၍ ကျောင်းအမိုး ပြန်လည်ပြုပြင်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပံ့ပိုးဖြည့်ဆည်း ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့သည် အမှတ်(၁၁) ရပ်ကွက်ရှိ အောင်မင်္ဂလာ သာသနာပြုကျောင်းတိုက် နှစ်ထပ်ကျောင်းဆောင် အမိုးများ ပြုပြင်ပြီးစီးမှုကို ကြည့်ရှု၍ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တယသအား ဖူးမြော်ကြည်ညိုကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ပံ့ပိုးဖြည့်ဆည်း

ယင်းနောက် လှိုင်သာယာမြို့နယ် ပုညသုခကျောင်းတိုက်နှင့် ဗဟန်းမြို့နယ် စိန္တာရာမကျောင်းတိုက်တို့သို့ သွားရောက်၍ ကျောင်းဆောင်အမိုးများ ပြန်လည်ပြုပြင်ပြီးစီးနေမှုကို ကြည့်ရှု၍ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့ဝင်များအား ညစာတည်ခင်း

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အဖွဲ့ဝင်များအား မေ ၂၂ရက် ညပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ညစာစားပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးကျော်တင့်ဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်တို့သည် ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး တွေ့ဆုံကြသည်။ (အပေါ်ပုံ)

ညစာတည်ခင်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အဖွဲ့ဝင်များအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်း

မေ ၂၃ရက်က အမှတ်(၁) စက်မှုဝန်ကြီးဌာနဝန်ကြီး ဦးအောင်သောင်း၏ ဇနီး ဒေါ်ခင်ခင်ရီမိသားစုတို့က ကျောက်တန်းမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (စက်မှု-၁)

ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ လေဘေးသင့်မြို့နယ်များသို့ ပို့ဆောင်

ရန်ကုန် မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာဌာန၌ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း လေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ကွင်းဆင်းကုသပေးမည့် အထူးကုဆရာဝန်ကြီးများနှင့် လက်ထောက်ကျန်းမာရေးမှူး သင်တန်းသားများ ပါဝင်သည့် ကွင်းဆင်းကုသရေးအဖွဲ့များနှင့် ဧရာဝတီတိုင်း မအူပင်မြို့သို့ ကွင်းဆင်းကုသမှု သွားရောက်ဆောင်ရွက်မည့် သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါက်တာခင်မေအုန်း ခေါင်းဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့အား ရင်းနှီးစွာအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာန ယာယီကွပ်ကဲရေးဌာန၌ ရောက်ရှိနေသော ပြည်နယ်၊ တိုင်းများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးမှူးများ၏ ဆေးဝါးပစ္စည်းများ ထုပ်ပိုးပြင်ဆင်၍ အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ဆေးဝါးများ ဖြန့်ဝေပေးနေမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ကွင်းဆင်းကုသရေးအဖွဲ့များတွင် မကွေးတိုင်း အခြေခံကျန်းမာရေးဝန်ထမ်းတက္ကသိုလ်မှ ကျန်းမာရေးမှူး သင်တန်းသား ၇၃ဦးတို့အား ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များရှိ ကျေးရွာပြည်သူများ ကျန်းမာရေးစောင့်ရှောက်မှုပေးရန် အဖွဲ့များဖွဲ့၍ စီစဉ်ပို့ဆောင်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အလုံမြို့နယ်အတွင်းရှိလမ်းများတွင် အပြောင်ရှင်းစနစ်ဖြင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်မြို့တွင်း လျှပ်စစ်မီးတိုင် ပြန်လည်ပြုပြင်စိုက်ထူပြီးစီးမှု အခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တွင်း၌ မုန်တိုင်းဒဏ်ကြောင့် လဲပြိုပိတ်ဆို့ခဲ့သောလမ်းများ ပြန်လည်ပွင့်လင်းကောင်းမွန်လာမှု၊ ရှင်းလင်းပြီး လမ်းများ၌ အပြောင်ရှင်းစနစ်ဖြင့် ထပ်မံ၍ သန့်ရှင်းရေးဆောင်ရွက်နေမှု၊ ရေမြောင်းများ ရေစီးရေလာကောင်းအောင် ရှင်းလင်းမှု၊ လျှပ်စစ်မီးတိုင်များပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန် တက္ကသိုလ် လှိုင်နယ်မြေအတွင်းရှိ လမ်းများကို အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများက စက်ယန္တရားများ အသုံးပြုကာ အပြောင်ရှင်းစနစ်ဖြင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ထို့နောက်ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြည်လမ်းနှင့် အနော်ရထာလမ်းတစ်လျှောက် မော်တော်ယာဉ်များဖြင့် လှည့်လည်၍ လမ်းများရှင်းလင်းပြီးစီးနေမှု၊ လျှပ်စစ်မီးတိုင်များ ပြန်လည်ပြုပြင်ပြီးစီးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး အလုံမြို့နယ် သခင်မြပန်းခြံအနီး ကမ်းနားလမ်း၌ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်မှ တပ်မတော်သားများနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ ပူးပေါင်း၍ လဲပြိုသစ်ပင်များ ရှင်းလင်းပြီးစီး၍ အပြောင်ရှင်းစနစ်ဖြင့် ထပ်မံ၍ သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှု

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် အလုံမြို့နယ် ဆင်မင်းလမ်း၊ အထက်ကြည့်မြင်တိုင်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပုဇွန်တောင်မြို့နယ်အထက်ပုဇွန်တောင်လမ်းတစ်လျှောက်တို့၌ အပြောင်ရှင်းစနစ်ဖြင့် သန့်ရှင်းရေးဆောင်ရွက်ပြီးစီးနေမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး သဃ်န်းကျွန်းမြို့နယ် နှင်းဆီကုန်း (က) ရပ်ကွက်အတွင်းရှိ လမ်းများကို တပ်မတော်သားများက အပြောင်ရှင်းစနစ်ဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်းနှင့် ပါရမီလမ်းတစ်လျှောက်တို့၌ လမ်းဘေးဝဲယာ အမှိုက်များ ရှင်းလင်းနေမှု၊ ရေစီးရေလာကောင်းရန် မြောင်းများ ရှင်းလင်းနေမှုနှင့် လျှပ်စစ်မီးတိုင်များ ပြန်လည်ပြုပြင်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

သောက်သုံးရေနှင့်ပတ်သက်၍ သတိပေးနှိုးဆော်ချက်

- မသန့်ရှင်းသောသောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက် ဝမ်းလျှောရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ရေသန့်ပင်ဖြစ်လင့်ကစား မသင်္ကာပါက ရေကို ကျိုချက်ပြီးမှ သောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန။

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ ခုနှစ် မေလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၅-၅-၂၀၀၈)ရက်နေ့

၂၀၀၈ခုနှစ် ဇွန်လအတွက်

(၈-၆-၂၀၀၈)ရက်နေ့ နှင့်

(၂၉-၆-၂၀၀၈)ရက်နေ့

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ မွန်မြတ်သော ရည်ရွယ်ချက်များနှင့် လှုပ်ရှားဆောင်ရွက်မှုများအား ပြည်သူလူထုသိရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ဆောင်းပါးပြိုင်ပွဲနှင့် ရောင်စုံဓာတ်ပုံပြိုင်ပွဲများအား ကျင်းပသွားမည်ဖြစ်ရာ ဆောင်းပါးပြိုင်ပွဲကို မြန်မာအမျိုးသမီးများ **'ကြိုးစားဆောင်ရွက်တိုင်းပြည်အတွက်'** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲကို **'ယဉ်ကျေးလှပ မြန်မာအမျိုးသမီးများဘဝ'** ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း ကျင်းပသွားမည်ဖြစ်သည်။

ပေးပို့

ဆောင်းပါးပြိုင်ပွဲကို မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပုံနှိပ်ဖော်ပြဖူးခြင်းမရှိသေးသည့် စာမူများကို စာလုံးရေသုံးထောင်မှ ငါးထောင်အထိရေးသား၍ ပေးပို့ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်သူများသည် ပြိုင်ပွဲဝင်စာမူနှစ်စောင်ကို ကိုယ်တိုင်ရေးစာမူဖြစ်ကြောင်း ဝန်ခံချက်ရေးသား၍ လိုင်စင်ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးမှတ်တမ်းအကျဉ်းတို့နှင့်အတူ ပေးပို့ရမည်ဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် မြန်မာအမျိုးသမီးများ၏ တာဝန်ကျေပွန်မှု၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ ယဉ်ကျေးသိမ်မွေ့မှု၊ အရည်အသွေးပြည့်ဝမှု အစရှိသော ဂုဏ်သိက္ခာအရည်အချင်းတို့ဖြင့် ဖော်ညွှန်းရိုက်ကူးထားသည့် ရောင်စုံဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ကြရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ (၁၀လက်မ× ၁၄လက်မ) တစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရန်နှင့် ပုံအရေအတွက် အကန့်အသတ်မရှိ ပေးပို့ယှဉ်ပြိုင်နိုင်သည်။ မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်ပြီး မိမိကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပြည်တွင်းပြည်ပ ဓာတ်ပုံပြိုင်ပွဲများ၌ ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်နှင့်အတူ ပြိုင်ပွဲဝင်သူ၏ ပတ်စပို့အရွယ် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်

ပြိုင်ပွဲဝင်ဆောင်းပါးများကို ဇွန် ၂၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း၊ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဇွန် ၂၂ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍လည်းကောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး ဦးအေးကြွယ် ညွှန်ကြားရေးမှူး (ထုတ်လုပ်) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ဆက်သွယ်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၀၈ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ တေးဂီတအစီအစဉ်
၈:၀၀ ၅။ Beautiful and Dauntless
၈:၄၅ ၆။ International News
၉:၀၀ ၇။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၅၅ ၄။ တစ်ပတ်အတွင်း ပြည်တွင်းသတင်းစဉ်
၁၂:၄၅ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **စစ်သူကြီး ဆွန်ကြီး (အပိုင်း-၂၁)**
၁၃:၃၀ ၆။ တေးဂီတအစီအစဉ်
၁၃:၄၅ ၇။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာအက
၁၄:၀၀ ၈။ တေးဂီတအစီအစဉ်
၁၄:၃၀ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ တေးဂီတအစီအစဉ်
၄:၃၀ ၃။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၀ ၆။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၅:၃၀ ၇။ ချစ်စရာ့အရွယ် ကစားကြမယ်
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၀။ အလှရှာမယ် လှကမ္ဘာဝယ်
၇:၀၀ ၁၁။ တေးဂီတအစီအစဉ်
၇:၃၀ ၁၂။ တေးဂီတအစီအစဉ်
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်း **"မာယာထောင်ချောက်"** (အပိုင်း-၂၃)
၁၇။ အစီအစဉ်ပြီး၏။

ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧရာဝတီတိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ပါဝင်

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးဌာနမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ဦးဆောင်၍ မျက်စိအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာနီလာသိန်း၊ ဒေါက်တာအောင်နေဦး၊ ဒေါက်တာယဉ်ကြည်ဦး၊ ဒေါက်တာရွှေဝါအေး၊ ကလေးအထူးကုဆရာဝန်များဖြစ်ကြသော ဒေါက်တာကြူကြူဝင်း၊ ဒေါက်တာဇာနည်အောင်၊ ရောဂါဗေဒဆရာဝန်များဖြစ်ကြသော ဒေါက်တာဆွေဇင်မြင့် (မကွေး/ဆေး)၊ ဒေါက်တာမြတ်မြတ်နှင်း (ဆေး-၂)၊ အထွေထွေရောဂါကုဆရာဝန်များဖြစ်ကြသော ဒေါက်တာကျော်စိုးဝင်း၊ ဒေါက်တာတင်နှင်းသူ၊ ဒေါက်တာခင်စန်းမူ၊ ဒေါက်တာနွယ်နွယ်လှိုင်၊ သူနာပြုဆရာမ နော်မရှီးထာဦးနှင့် ကြက်ခြေနီသုံးဦးတို့ ပါဝင်ကြသည်။

လှူဒါန်း

အဆိုပါ အထူးကုအဖွဲ့သည် ကွမ်းခြံကုန်းမြို့နယ် အရှေ့ကျောင်းတိုက် မိုးကုတ်ဝိပဿနာရိပ်သာအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာ မျက်စိဝေဒနာရှင် ၂၄၄ဦး၊ ကလေးလူနာ ၈၁ဦး၊ အထွေထွေလူနာ၄၆၄ ဦး စုစုပေါင်း ၇၈၉ဦးတို့အား စမ်းသပ်စစ်ဆေးကုသမှုများပြုလုပ်ပြီးနောက် ဆေးဝါးပစ္စည်းများနှင့် မျက်မှန်များကို ထောက်ပံ့လှူဒါန်းခဲ့ကြသည်။ ထို့နောက် အလှူရှင်များကလှူဒါန်းသော ဆန်အိတ်များ၊ အဝတ်အထည်အသုံးအဆောင်များနှင့် "ဂိုးဒင်းကောင်း" ကလေးအာဟာရနို့မှုန့်များကိုလှူဒါန်းရာ ကွမ်းခြံကုန်းမြို့နယ် ဗဟိုကယ်ဆယ်ရေးစခန်းတာဝန်ခံနှင့် အရှေ့ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဘောဂတို့က လက်ခံရယူခဲ့ကြသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းအတွက် လိုအပ်သောဆေးဝါးပစ္စည်းများကို ဦးအောင်မြတ် (Mother Trading) ကုမ္ပဏီ၊ ဒေါက်တာမောင်မောင်အေး-ဒေါ်ခင်မိမိလှိုင် (မိုးထက်ကမ္ဘာကုမ္ပဏီ)နှင့် ကလေးဆေးရုံကြီးတို့မှ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုန်တိုင်းသင့်ဒေသရှိပြည်သူများအတွက် နိုင်ငံတကာမှလှူဒါန်းသောပစ္စည်းစာရင်းနှင့် မုန်တိုင်းသင့်ဒေသများသို့ခွဲဝေပေးပို့ပြီးစာရင်းများ

ရန်ကုန် မေ ၂၃

မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက် မေ ၂၁ ရက်မှ ၂၂ ရက်အထိ ရရှိသည့် နိုင်ငံတကာမှလှူဒါန်းသော ပစ္စည်းစာရင်း၊ ပြည်တွင်းမှလှူဒါန်းသော ပစ္စည်းစာရင်းနှင့် မုန်တိုင်းသင့်ဒေသများသို့ ခွဲဝေပေးပို့ပြီး ပစ္စည်းစာရင်းများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-

မုန်တိုင်းသင့်ပြည်သူများအတွက် နိုင်ငံတကာမှလှူဒါန်းသောပစ္စည်းစာရင်း (၂၁-၅-၂၀၀၈ မှ ၂၂-၅-၂၀၀၈ အထိ)

စဉ်	ပစ္စည်းအမျိုးအမည်	ပေါင်း(တန်ဖြင့်)
၁	စားသောက်ကုန်	၁၃.၂၇၈
၂	လူသုံးကုန်	၁၁၀.၅၆၁
၃	ဆောက်လုပ်ရေး	၉၁.၈၁၁
၄	ဆေးဝါး	၃၃.၃၁၈
	စုစုပေါင်း	၂၄၈.၉၇

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်းမှလှူဒါန်းသောပစ္စည်းစာရင်း (၂၁-၅-၂၀၀၈ မှ ၂၂-၅-၂၀၀၈ အထိ)

စဉ်	ပစ္စည်းအမျိုးအမည်	ပေါင်း(တန်ဖြင့်)
၁	စားသောက်ကုန်	၂၆
၂	လူသုံးကုန်	၁၆
၃	ဆောက်လုပ်ရေး	၁၉၂.၀၄
၄	ဆေးဝါး	၀.၄၂
	စုစုပေါင်း	၂၃၄.၄၆

မုန်တိုင်းသင့်ဒေသရှိ ပြည်သူများအတွက် ခွဲဝေပေးပို့သည့်ပစ္စည်းစာရင်း (၂၁-၅-၂၀၀၈ မှ ၂၂-၅-၂၀၀၈ အထိ)

စဉ်	ဒေသ	စားသောက်ကုန်	လူသုံးကုန်	ဆောက်လုပ်ရေး	ပေါင်း(တန်ဖြင့်)
	ဧရာဝတီတိုင်း				
၁	ဖျာပုံ**	၂.၅	၅.၅	၄	၁၂
၂	မော်လမြိုင်ကျွန်း**	၉	၂၅	၃၀	၆၄
၃	ဘိုကလေး**	၁၀	၂၅.၂	၃၀	၆၅.၂
၄	လပွတ္တာ**	၆.၂	၁၀	၉	၂၅.၂
၅	ဒေးဒရဲ**	၁.၅	၄.၅	၂	၈
၆	မအူပင်*	၁.၅	၃.၅	၃	၈
၇	မြောင်းမြ*	၅	၁၂.၇	၁၈	၃၅.၇
၈	ဝါးခယ်မ*	၂	၄	၆	၁၂
၉	ကျုံပျော်	၁	၁.၆	-	၂.၆
၁၀	ငပုတော	၂	၄	၆	၁၂
	စုစုပေါင်း	၄၀.၇	၉၆	၁၀၈	၂၄၄.၇

မှတ်ချက်
* နောက်တန်းစခန်းများဖြစ်ပါသည်။
** အလယ်တန်းစခန်းများဖြစ်ပါသည်။
*** ရှေ့တန်းစခန်းများဖြစ်ပါသည်။

စဉ်	ဒေသ	စားသောက်ကုန်	လူသုံးကုန်	ဆောက်လုပ်ရေး	ပေါင်း(တန်ဖြင့်)
	ရန်ကုန်တိုင်း				
၁	ရန်ကုန်မြို့	၁၈	၃၀	၄၀	၈၈

မုန်တိုင်းသင့် ဒေသများသို့ ကူညီထောက်ပံ့နိုင်ရေး မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များသို့နှိုးဆော်

ရန်ကုန် မေ ၂၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သောဒေသများမှ ပြည်သူများအတွက် အစားအစာ၊ အဝတ်အထည်၊ ဆေးဝါးများကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအနေဖြင့်လည်း ပါဝင်ကူညီဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အသင်းဝင်များအနေဖြင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၀၁-၅၁၉၆၇၃-၇၆၊ ၀၉-၅၁-၄၀၀၀၃၊ ၀၉-၅၁-၄၁၃၂၂၊ ဦးသန်းမြင့်(ဥက္ကဋ္ဌ) ဖုန်း-၀၉-၉၉-၂၅၈၇၃၊ ဦးကျော်စန်ဝင်း(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၁၄၅၂၁၊ ဦးလင်း(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၁၂၄၅၉၊ ဦးဟန်ဇော်(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၃၆၅၀၇၊ ဦးဉာဏ်ထွန်းဦး(ဒုတိယဥက္ကဋ္ဌ)ဖုန်း-၀၉-၅၁-၉၂၀၆၂၊ ဦးဝင်းခိုင် (အထွေထွေအတွင်းရေးမှူး) ဖုန်း-၀၉-၅၀-၀၂၅၉၆၊ ဦးကိုကိုကြီး(ဘဏ္ဍာရေးမှူး)ဖုန်း-၀၉-၅၀-၁၀၃၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ရန်ကုန်တိုင်း လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထောင့်ရှိ ရန်ကုန် ကောင်းတုံကွမ်ရင်ဘုရားကျောင်းက ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၃

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက ဆက်လက်လှူဒါန်းလျက်ရှိရာ ယနေ့ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ လာရောက်လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

လှူဒါန်း

ယနေ့လှူဒါန်းသော အလှူရှင်များမှာ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်းက ငွေကျပ် သိန်း၅၀၊ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံ စားသောက်ကုန်ထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းက ငွေကျပ်သိန်း ၅၀၊ ဦးလှကြိုင်(ပါမောက္ခ-ငြိမ်း)နှင့် ဒေါ်ပြုံးပြုံးဌေး(ဌာနမှူး) ဂျာမန်ဘာသာဌာန၊ MUFL ကငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးစိုးနိုင်နှင့် ဒေါ်မြင့်မြင့်သန်း၊ သားသမီးမြေးတစ်စုက ငွေကျပ်ငါးသိန်း၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း (MEC) က ငွေကျပ်သိန်း ၅၀၀၀၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းနှင့် ဆက်စပ်လုပ်ကိုင်သော ပြည်တွင်းကုမ္ပဏီများက ငွေကျပ် ၆၈၉၂၉၀၀၀၊ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီမိခင်ကြီး ဒေါ်ခင်နွဲ့ရီအား အမှူးပြုလျက် သားဒေါက်တာတင်စိုးလင်း၊ သမီး ဒေါ်ပွင့်မာခိုင်နှင့် ညီအစ်ကိုမောင်နှမများ(ရွှေပုဇွန်မိသားစု)က ငွေကျပ်သိန်း ၁၀၀၊ ကိုးကန့်တိုင်းရင်းသားများက ငွေကျပ်သိန်း ၁၀၀၀၊ ကွယ်လွန်သူဦးသန်းမောင်နှင့် ဒေါ်ချစ်အားရည်စူး၍ ဒုတိယတပ်ကြပ် ကြည်ဝင်း(ငြိမ်း)နှင့် ဒေါ်သန်းသန်းအေး၊ သမီးမဝါဝါဝင်းတင့် မိသားစုက ငွေကျပ် ၁၀၅၀၀၊ ဦးမောင်မောင်ကြည်နှင့် ဒေါ်ခင်အေးမြင့်မိသားစုက ငွေကျပ်နှစ်သိန်း၊ ဦးအောင်ချိန်စန်းနှင့် ဒေါ်ခင်ခင်ချို မိသားစုက ငွေကျပ်တစ်သိန်း၊ ဗိုလ်မှူးမျိုးအောင်နှင့် ဒေါ်မြင့်မြင့်မော်တို့က ငွေကျပ် တစ်သိန်း၊ Capital Hypermarket သို့ မေ ၁၀ရက်မှ ၂၂ရက်အထိ စျေးလာရောက်ဝယ်ယူသူအများပြည်သူလှူဒါန်းငွေကျပ် ၈၁၂၉၀၅ ကျပ်နှင့် Capital Hypermarket က ငွေကျပ် ၈၁၂၉၀၅ ကျပ်၊ စုစုပေါင်းငွေကျပ် ၁၆၂၅၈၁၀၊ ဒေါ်ကြည်ကြည်ညွန့်နှင့်သမီးကြီးဒေါ်နုထွေးဝေတို့က ငွေကျပ်သုံးသောင်း၊ ဦးတင်ဒွန်းနှင့်ဒေါ်ဆင့်ဆင့်သက် မြိတ်မြို့က ငွေကျပ်နှစ်သိန်း၊ နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဝန်ထမ်းများက လှူဒါန်းငွေကျပ်ငါးသိန်း၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ငွေကျပ်တစ်သိန်း၊ တာချီလိတ်မြို့ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာနက ငွေကျပ် ၁၂၉၂၀၀၀၊ ကိုမျိုးမြင့်လေး (ခေတ္တမလေးရှား) က ငွေကျပ်ငါးသောင်း၊ ဦးဇင်မြင့်(ဘကြီးဇင်)နှင့်ဝန်ထမ်းမိသားစုက ငွေကျပ် ၁၀သိန်း၊ Mr.S. Senthilnathan, Mauri La Nga Fermentation Ltd.,Vietnam က အမေရိကန်ဒေါ်လာ ၁၀၀၀၊ Mr. Amorn, Navakij Group Co.,Ltd. Thailand ကအမေရိကန်ဒေါ်လာ ၅၀၀တို့ဖြစ်သည်။

စုစုပေါင်း

အလှူငွေ စုစုပေါင်းမှာ ငွေကျပ် ၆၉၄၆၃၇၃၁၀နှင့် အမေရိကန်ဒေါ်လာ ၁၅၀၀တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ကိုးကန့်တိုင်းရင်းသားများက ငွေကျပ်သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဖျာပုံမြို့၏ လေဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ရေးအဖွဲ့ဝင်များအား ဖျာပုံမြို့နယ်၏ ပျက်စီးဆုံးရှုံးမှုများ၊ လူနှင့်တိရစ္ဆာန်များ သေကျေပျက်စီးမှု၊ ဖျာပုံမြို့ရှိ ပျက်စီးအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ လေဘေးသင့် ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းရရှိမှု၊ မြို့ပေါ် ၁၈ ရပ်ကွက်မှ လူမှုရေးအသင်းအဖွဲ့များက နယ်လှည့်ဆေးကုသမှုအဖွဲ့များ ဖွဲ့စည်းကာ စက်လှေများဖြင့် ထွက်ခွာလာကြပြီး ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာ၏ လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှု အခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်ပတ်ပျံသန်းပြီး ကြည့်ရှုလေ့လာကြကာ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာရှိ လေဘေးကယ်ဆယ်ရေးစခန်းသို့ရောက်ရှိကြသည်။

ပြည်တွင်းပြည်ပမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံတွင် လူနာများအား ဆေးကုသပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ဖြင့် လျှပ်စစ်မီးအားပေးစက်၊ စက်သုံးဆီသုံးမီးအားပေးစက်၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးထားမှု၊ ရေသန့်စင်စက်၊ ထမင်းစားဆောင်နှင့် မီးဖိုချောင်များကို ကြည့်ရှုလေ့လာကြပြီး ပြန်လည်ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

အလားတူ လေ့လာရေးအဖွဲ့(၂)သည် ရန်ကုန်မြို့မှ ဘိုကလေးမြို့သို့ နံနက် ၉နာရီ မိနစ် ၂၀ တွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် အမှတ်(၆၆) ခြေမြန်တပ်မ ဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးတို့က ကြိုဆိုကြသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ

ထို့နောက်လေ့လာရေးအဖွဲ့ဝင်များအား ကယ်ဆယ်ရေးစခန်းကွပ်ကဲမှုရုံး၌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ဘိုကလေးမြို့နယ်၌မုန်တိုင်းတိုက်ခတ်ခံခဲ့ရမှု၊ ပျက်စီးဆုံးရှုံးမှု၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ စီစဉ် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြော

ကျေးရွာများဖြစ်သောလှိုင်းဘုန်းနှင့် ကျားဟုန်ကျေးရွာများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုလေ့လာကြ၍ မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ်မြေခံတပ်ရင်းခန်းမ၌ လေ့လာရေးအဖွဲ့ဝင်များအား ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းက မုန်တိုင်းဒဏ်ခံခဲ့ရမှုနှင့် ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်တည်ဆောက်ရေးနှင့် နေရာချထားရေးစီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က ပြန်လည်ရှင်းလင်းပြောကြားသည်။

ပြန်လည်ရောက်ရှိ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မော်လမြိုင်ကျွန်းမြို့အတွင်းလှည့်လည်ကြည့်ရှုလေ့လာကြပြီး ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(၄)အခြေခံပညာ အထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်း အမှတ် (၄)တို့သို့ မော်တော်ယာဉ်များဖြင့် သွားရောက်ကြပြီး လပွတ္တာမြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ ပြည်သူများအား ခေါ်ယူစောင့်ရှောက်နေရာချထားမှု၊ ထောက်ပံ့ရေးပစ္စည်းများ ဖြန့်ဝေပေးထားမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှု၊ စားသောက်ဖွယ်ရာများ ချက်ပြုတ်နေမှုတို့ကို လိုက်လံကြည့်ရှုလေ့လာကြပြီး လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့သို့ ရောက်ရှိကြရာ ဘုရင့်နောင်ရိပ်သာ၌ အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီးကျော်လင်းထွန်းက လပွတ္တာမြို့နယ်အတွင်း လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရမှု၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ပြန်လည်တည်ဆောက်ရေးနှင့် နေရာချထားရေးစီစဉ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားရာ လေ့လာရေးအဖွဲ့ဝင်များက သိရှိလိုသည်များကို မေးမြန်းကြသည်။

လပွတ္တာ

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် လပွတ္တာမြို့ ပြည်သူ့ဆေးရုံ၌ မုန်တိုင်းဒဏ်သင့် လူနာများအား ဆေးကုသပေးနေမှုကို သွားရောက်ကြည့်ရှုလေ့လာကြပြီး ရတနာဒီပအားကစားကွင်းရှိ ကယ်

ပြည်တွင်းပြည်ပမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ မော်လမြိုင်ကျွန်းမြို့နယ်တွင် လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရှင်းလင်းဖြေကြား

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ဖျာပုံတံတားပေါ်သို့ ရောက်ရှိကြပြီး တံတားပေါ်မှ ကျေးရွာများအရောက် နယ်လှည့်ကွင်းဆင်း ဆေးကုသကြမည့် စက်လှေများ ထွက်ခွာသွားမှုကိုလည်းကောင်း၊ ဖျာပုံမြို့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဆရာဇော်ဂျီ စာကြည့်တိုက်သို့ ရောက်ရှိကြပြီး စာကြည့်တိုက်ရှေ့၌ တာဝန်ရှိသူများက လေ့လာရေးအဖွဲ့ဝင်များအား ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သောလူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံလူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဒေသခံလူမှုရေး အသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားကြသည်။

ပြန်လည်ရှင်းလင်း

ဆက်လက်၍ ဆရာဇော်ဂျီစာကြည့်တိုက်၌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လေ့လာ

ကျေးရွာများအရောက် ဆေးကုသပေးမှု၊ ပုဂ္ဂလိက ကုမ္ပဏီများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှု၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းအတွက် လတ်တလော၊ ရေတိုနှင့် ရေရှည်စီမံချက်များ ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လေ့လာရေးအဖွဲ့မှ အဖွဲ့ဝင်များ၏ သိရှိလိုသည်များကိုပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့သည် ဖျာပုံမြို့ အမှတ်(၁)လေဘေးကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိကြပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆေးသိုလှောင်ရုံနှင့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့ပေးထားမှုတို့ကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ လေ့လာရေးအဖွဲ့သည် အမှတ်(၅) အခြေခံပညာမူလတန်းကျောင်းနှင့် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့ကို ပုဂ္ဂလိကကုမ္ပဏီများက ပြန်လည်ပြင်ဆင် ဆောင်ရွက်နေမှုတို့ကို မော်တော်ယာဉ်ပေါ်မှ ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် ဖျာပုံမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်

ရှင်းလင်းပြောကြား

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ရှိသူက လေ့လာရေးအဖွဲ့ဝင်များအား ကယ်ဆယ်ရေးစခန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ဒေးဒရဲမြို့နယ်အတွင်း လေဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် စပ်လျဉ်း၍လည်းကောင်းရှင်းလင်းပြောကြားကြပြီး လေ့လာရေးအဖွဲ့၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များအား စခန်းအတွင်း နေရောင်ခြည်စွမ်းအင်ကြားပြီး လေ့လာရေးအဖွဲ့ဝင်များ၏ သိရှိလိုသည်များကို ပြန်လည်ဖြေကြားသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့နယ် ပြည်သူ့ဆေးရုံ၌ လူနာများအား ဆေးကုသပေးနေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

မော်လမြိုင်ကျွန်း

ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ဘိုကလေးမြို့ကို မော်တော်ယဉ်များဖြင့် လှည့်လည်ကြည့်ရှု လေ့လာကြပြီး ဘိုကလေးမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြကာ လေဘေးသင့်

ထို့အတူ လေ့လာရေးအဖွဲ့ (၃)သည် ရန်ကုန်မြို့မှ ဧရာဝတီတိုင်း မြောင်းမြမြို့သို့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။

မေးမြန်း

ထို့နောက် လေ့လာရေးအဖွဲ့ဝင်များသည် မြောင်းမြမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ကယ်ဆယ်ရေးစခန်း အမှတ်(၁)၊ သာသာနာ့ဗိမာန်ရှိ ကယ်ဆယ်ရေးစခန်း အမှတ်(၂)၊ ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရားကြီးရှိ ကယ်ဆယ်ရေးစခန်း အမှတ်(၁၇)နှင့် အမှတ်

ဆယ်ရေးစခန်းသို့ ရောက်ရှိကြကာ လှူဒါန်းထားသော ရွက်ဖျင်တဲများတွင် မိသားစုအလိုက် နေထိုင်စားသောက်နေမှုများ၊ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများနှင့် သောက်သုံးရေရရှိရေးစီစဉ်ထားရှိမှုများကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် လပွတ္တာမြို့မှ ပြန်လည်ထွက်ခွာလာကြပြီး လေဘေးသင့်ကျေးရွာများဖြစ်သော သိပ္ပံကုန်းကြီး၊ လှိုင်းဘုန်းနှင့် ကျားဟုန်ကျေးရွာများကို ရဟတ်ယာဉ်ပေါ်မှ ကြည့်ရှုကြကာ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

ပြည်တွင်းပြည်ပမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ အလှူရှင်များနှင့် နိုင်ငံတကာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ လပွတ္တာမြို့ ရတနာဒီပအားကစားကွင်းရှိ ကယ်ဆယ်ရေးစခန်း၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

24-5 (06).pmd 1 5/24/2008, 2:08 AM

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဦးအောင်ကြည် စက်မှုဇုန်များမှအလုပ်ရှင်၊ အလုပ်သမားများအား တွေ့ဆုံအားပေး

ရန်ကုန် မေ ၂၃

အလုပ်သမားဝန်ကြီးဌာနဝန်ကြီးဦးအောင်ကြည်သည် ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်များအတွင်းရှိ စက်ရုံများအနက် မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ခဲ့ရာမှ ပြန်လည်ပြင်ဆင်ပြီး လည်ပတ်နေသော စက်ရုံများအား လှည့်လည်ကြည့်ရှုကာ လုပ်ငန်းရှင်များနှင့် အလုပ်သမားများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ကြိုးပမ်းအားထုတ်

မေ ၂၊ ၃ ရက်တို့တွင် တိုက်ခတ်ခဲ့သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များ၌ရှိသော စက်ရုံ အလုပ်ရုံ ၂၈၃၀ အနက် ၅၅၀ မှာ ထိခိုက်ပျက်စီးမှုအချို့ရှိခဲ့သည်။ ယခုအခါ စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းပိုင်ရှင်များ၊ အလုပ်သမားများနှင့် ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများသည် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ခဲ့ကြရာ ယနေ့တွင် စက်ရုံပေါင်း ၂၇၅၇ရုံ စွမ်းအားပြည့် ပြန်လည်လည်ပတ်နေပြီဖြစ်သည်။ အဆိုပါစက်ရုံများတွင် ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် အလုပ်သမားအင်အား ရာနှုန်းပြည့်နီးပါး အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ဖွင့်လှစ်ရန်ကျန်သော စက်ရုံ ၇၃ ရုံမှာလည်း အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းအားထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှည့်လည်ကြည့်ရှု

အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ကြည် လှိုင်သာယာစက်မှုဇုန်နှင့် ရွှေပြည်သာ စက်မှုဇုန်များ အတွင်းရှိ စက်ရုံများအနက် မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ခဲ့ရာ ပြန်လည်ပြင်ဆင်ပြီး လည်ပတ်နေသော စက်ရုံများကို လှည့်လည်ကြည့်ရှုစဉ်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်သင့်ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၃

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့(IFRC)မှ တာပေါ်လင်များ၊ မိုးကာတဲနှင့်ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၃၈တန်သည် IL-76လေယာဉ်ဖြင့် ယနေ့နံနက် ၈နာရီခွဲတွင်လည်းကောင်း၊ ဘရူနိုင်းဒါရူဆလမ်နိုင်ငံရှိ Care အဖွဲ့မှ အမေရိကန်ဒေါ်လာ တစ်သိန်းတန်ဖိုးရှိ ကျောင်းဆောက်လုပ်ရေးပစ္စည်းများ စုစုပေါင်း ၅၂တန်ကျော်သည် 747 လေယာဉ်ဖြင့် နံနက် ၉နာရီ ၂၅မိနစ်တွင်လည်းကောင်း၊ ပါကစ္စတန်အစ္စလာမ္မစ်သမ္မတနိုင်ငံမှ ဘီစကွတ်မုန့်များ တန် ၄၀ သည် IL-76လေယာဉ်ဖြင့် နံနက်၁၀နာရီ ၄၅မိနစ်တွင်လည်းကောင်း၊ ပြင်သစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆေးဝါးမျိုးစုံ၊ စောင်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိပ်ရာများ၊ တာပေါ်လင်များ၊ ရေသန့်ဘူးများ၊ ရေအိမ်နှင့်ဆက်စပ်ပစ္စည်းများ စုစုပေါင်း ၃၃တန်ကျော်သည် DC-8လေယာဉ်ဖြင့် နံနက် ၁၁နာရီ ၅မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအစိုးရနှင့် ပြည်သူများမှ ခြင်ထောင်များ၊ နိုင်လွန်ကြိုးများ၊ ကြက်ဥများ၊ ဆန်များ၊ စောင်များ၊ အထပ်သားများ၊ ရေသန့်ဘူးများ၊ လက်အိတ်များ စုစုပေါင်း၃၅တန်ကျော်သည် C-130 လေယာဉ်သုံးစင်းဖြင့် မွန်းလွဲ ၁၂နာရီ မိနစ် ၄၀၊ မွန်းလွဲ ၁နာရီနှင့် မွန်းလွဲ ၁နာရီ ၅၅မိနစ်တို့တွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ တာပေါ်လင်များ၊ ရေဘူးခွံများ စုစုပေါင်း၂၃တန်ကျော်သည် C-130 လေယာဉ်နှစ်စင်းဖြင့် မွန်းလွဲ ၂နာရီ ၅၅မိနစ်နှင့် ညနေ ၃နာရီ ၁၅မိနစ် တို့တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြသည်။

ရောက်ရှိ

အလားတူ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့မှ လူ့အသုံးအဆောင်ပစ္စည်းများ နှစ်တန်ခန့်သည် TG-303 လေယာဉ် ဖြင့်လည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ လူ့အသုံးအဆောင် ပစ္စည်းများစုစုပေါင်း နှစ်တန်ကျော်သည် TG-303 လေယာဉ်ဖြင့်လည်းကောင်း၊ စင်ကာပူ- မြန်မာခရစ်ယာန်အဖွဲ့က ဆေးဝါးများ စုစုပေါင်း ၀ဒသမ၀၈တန်သည် MI-512 လေယာဉ်ဖြင့်လည်းကောင်း၊ မလေးရှားနိုင်ငံ ပြည်သူများမှ အစားအစာများ၊ ဆေးဝါးများ စုစုပေါင်း ၀ ဒသမ ၄၃၄ တန်သည် FD-3770 လေယာဉ်တို့ ဖြင့်လည်းကောင်း၊ အင်ဒိုနီးရှားသမ္မတနိုင်ငံမှ မီးဖိုချောင်သုံးပစ္စည်းများ ၁၈တန်ကျော်သည် DC-8 လေယာဉ်ဖြင့် ည ၈နာရီ ၅၅မိနစ်တွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံ ကြက်ခြေနီအဖွဲ့မှ ဆေးမျိုးစုံ၊ အစားအသောက်များ၊ တာပေါ်လင်များ စုစုပေါင်း ၃၄တန်ကျော်သည် IL-76 လေယာဉ်ဖြင့် ည ၁၀နာရီ ၂၅မိနစ်တွင်လည်းကောင်း မေ ၂၂ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာကြသည်။

ချက်ချင်းဖြန့်ဝေ

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များလှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ်ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျလက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

နေပြည်တော် မေ ၂၃

မုန်တိုင်းသင့် ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့ လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၇၃၀၆၂၀၀၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၄၃၈၂၀၀ တန်ဖိုးရှိ ငွေနှင့်ထောက်ပံ့ရေးပစ္စည်းများ၊ စစ်ကိုင်းတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၆၅သိန်း၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၈၆၅၀၀၀၀တန်ဖိုးရှိ အိမ်ဆောက်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ၊ မန္တလေးတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၇၅၆၅၀၀၀၀ တန်ဖိုးရှိ ဆန်အိတ် ၁၅၀၀ ၊ ခိုင်းနွား ၁၂၇ကောင်နှင့် အဝတ်အထည်မျိုးစုံ၊ ပဲခူးတိုင်းအတွင်းရှိ စေတနာရှင် ပြည်သူများက ငွေကျပ် ၁၆၂၂၆၂၀နှင့် ငွေကျပ် ၇၂၇၀၀၀ တန်ဖိုးရှိ ဆန်နှင့်စားသောက်ကုန်ပစ္စည်းများ၊ မကွေးတိုင်းမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၁၄၄သိန်းနှင့် ငွေကျပ် ၂၀၁၃၉၈၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီသို့ လာရောက် လှူဒါန်းသည့် ငွေကျပ် ၆၉၄၆၃၇၃၁၀အပါအဝင် ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်းစုစုပေါင်းတန်ဖိုးမှာ ငွေကျပ် ၈၅၀၀၇၁၁၃၀ ဖြစ်ပြီး မေ ၂၃ရက်အထိ လှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်းစုစုပေါင်း တန်ဖိုးမှာ ၉၃၈၂၆၃၄၆၂၃ကျပ် ရှိပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

(မေ ၂၃ ရက် မွန်းလွဲ ၂ နာရီ ထုတ်ပြန်ချက်)

ယနေ့နံနက် ၉နာရီခွဲ အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ် ။ ။ လွန်ခဲ့သော ၂၄နာရီအတွင်းက ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး၊ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင်နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ကာမန္တလေးတိုင်းတွင်နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၄ ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ တနင်္သာရီတိုင်းတွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီ စင်တီဂရိတ်ပိုခဲ့ကာကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ပြင်ဦးလွင်မြို့တွင် ၂.၇၅ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂.၁၃ လက်မ ၊ မချမ်းဘောမြို့တွင် ၂.၀၁လက်မ၊ ပူတာအိုမြို့တွင် ၁. ၄၆ လက်မ၊ ထားဝယ်မြို့တွင် ၀.၇၅ လက်မနှင့် ပဲခူးမြို့တွင် ၀.၅၁ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီ ပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်သာ ရှိနေသည်။

၂၀၀၈ ခုနှစ် မေ ၂၄ရက် ညနေအထိ ခန့်မှန်းချက်။ ။ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင်နေရာကျဲကျဲနှင့် ကျန်ဒေသများ၌ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၄ရက် ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၄ ရက် ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မေ ၂၄ရက် ညနေအထိ ခန့်မှန်းချက်။

နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

၂၀၀၈ ခုနှစ် မေလ နောက်ဆုံးရက်သတ္တပတ်ကုန် ရက်များအတွက် မိုးလေဝသခန့်မှန်းချက်။

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း နေပြည်တော် ၊ ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသ အခြေအနေ

အမြင့်ဆုံးအပူချိန်	၃၂ဒသမ၅ဒီဂရီ စင်တီဂရိတ်	(၉၁ ဒီဂရီ ဖာရင်ဟိုက်)	၂၂-၅-၂၀၀၈
အနိမ့်ဆုံးအပူချိန်	၂၃ဒသမ၆ဒီဂရီ စင်တီဂရိတ်	(၇၅ ဒီဂရီ ဖာရင်ဟိုက်)	၂၃-၅-၂၀၀၈
၉နာရီခွဲ အချိန်စိုထိုင်းဆ	၇၉ ရာခိုင်နှုန်း		၂၃-၅-၂၀၀၈
နေပူသည့် နာရီပေါင်း	၂ဒသမ၄နာရီခန့်		၂၂-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၃-၅-၂၀၀၈	Tr	၁ မမ(၀ဒသမ၀၄ လက်မ)	၅၄မမ(၂ဒသမ၁၃လက်မ)
၁-၁-၂၀၀၈ရက်မှယနေ့အထိ	၇၀၅မမ(၂၇ဒသမ၇၆လက်မ)	၈၁၃ မမ(၃၂ဒသမ၀၁လက်မ)	၉၃၇မမ (၃၆ဒသမ၈၉လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ မေ ၂၂ရက် မွန်းလွဲ၁နာရီခွဲတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၄မိုင်နှုန်း တိုက်ခတ်ခဲ့သည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမည့် ရွှေပြည်အောင်သင်္ဘောထွက်ခွာ

ရန်ကုန် မေ ၂၃

ဘိုကလေးမြို့နှင့် မော်လမြိုင်ကျွန်းမြို့တို့သို့ ထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးမည့်ရွှေပြည်အောင်သင်္ဘောသည် မေ ၂၂ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ဘုန်းကြီးလမ်း အမှတ် (၁)ဆိပ်ခံတံတားမှ ထွက်ခွာသွားသည်။

အဆိုပါသင်္ဘောတွင် နိုင်ငံတကာနှင့်ပြည်တွင်းအလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊သွပ်နှင့်အိမ်ဆောက်ပစ္စည်းများ၊ ရေသန့်ဘူးများ၊ မီးအားပေးစက်များ၊ ရေသန့်စင်စက်များစသည့် ထောက်ပံ့ရေးပစ္စည်း ၁၂၈ ဒသမ ၅၂တန်ကို တင်ဆောင်သွားသည်။

တင်ဆောင်

ဧရာဝတီတိုင်းရှိ လေဘေးသင့်ဒေသများသို့ ထောက်ပံ့ရေးပစ္စည်းများ ဆက်လက်ပေးပို့နိုင်ရေးအတွက် မေ ၂၃ရက်တွင်လည်း သင်္ဘောကြီးများပေါ်သို့ ထောက်ပံ့ရေးပစ္စည်းများ တင်ဆောင်လျက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

အနက်ရောင်ချောကလက်ကိုစားသုံးလျှင် သွေးတိုးကျဆင်းစေနိုင်

ကိုကာပင်မှထုတ်ယူရရှိသော အနက်ရောင်ချောကလက်ကို နေ့စဉ်သင့်တင့်မျှတစွာ စားသုံးသွားပါက သွေးတိုးကျဆင်းမှုနှင့် သွေးကြောပိတ်ဆို့မှုများကို လျော့နည်း သက်သာစေကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

အနက်ရောင်ရှိသည့်ချောကလက်တွင် ကယ်လိုရီ၊ ပရိုတိန်း၊ ကယ်လ်ဆီယမ်၊ မဂ္ဂနီဆီယမ်၊ ဖော့စပရပ်စ်၊ ပိုတက်ဆီယမ်နှင့် ကဖိန်းဓာတ်တို့ပါဝင်သည်။ အများဆုံးပါဝင်သည့်ဓာတ်ပစ္စည်းမှာ ပိုတက်ဆီယမ် ဖြစ်သည်။

ပြောကြား

အနက်ရောင်ချောကလက်ကို သီတင်းတစ်ပတ်လျှင် ခုနစ်အောင်စခန့် ပုံမှန်စားသုံးသွားပါက ကိုလက်စထရောကျဆင်းစေပြီး သွေးပေါင်မြင့်နေမှု လျော့ကျစေနိုင်ကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

အထောက်အကူပြု

အနက်ရောင်ချောကလက်တွင်ပါဝင်သော ပေါင်းစပ်ဓာတ်ပစ္စည်းများကြောင့် ဦးနှောက်နှာ့ဗ်ကြောများ လန်းဆန်းမှုကိုလည်း အထောက်အကူပြုစေကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် လပွတ္တာမြို့နယ် သင်္ကန်းကလေး ဆားကွင်း နေအိမ်အဆောက်အအုံများ ပြန်လည်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများရှိ ဆားထုတ်လုပ်ရေးလုပ်ငန်းများ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် ဆားလုပ်ငန်း ပြန်လည်ထူထောင်ရေးနှင့်တည်ဆောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် လုပ်ငန်းရှင်များ၊ အလှူရှင်များလိုက်ပါလျက် မေ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ဧရာဝတီတိုင်း လပွတ္တာမြို့သို့ရောက်ရှိပြီး ဘုရင့်နောင်ရိပ်သာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လပွတ္တာမြို့နယ်နှင့် ငပုတောမြို့နယ်တို့မှ လေဘေးသင့်ဒုက္ခသည် ဆားလုပ်ငန်းရှင်များ၊ ဆားတောင်သူများနှင့် တွေ့ဆုံသည်။

ပြန်လည်တည်ဆောက်

ထိုသို့ တွေ့ဆုံရာတွင် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆားထုတ်လုပ်ရေး လုပ်ငန်းများ ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမည့် အစီအစဉ်များကိုအသေးစိတ်ရှင်းလင်းပြောကြားပြီး ဒေသအာဏာပိုင်များနှင့် ဆားလုပ်ငန်းရှင်များ၊ဆားတောင်သူများက မုန်တိုင်းဒဏ်ကြောင့် လုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုနှင့်ပြန်လည်ထူထောင်ရန် လိုအပ်မှု အခြေအနေများကို စာရင်းဇယားနှင့်တကွ အသေးစိတ် တင်ပြဆောင်ရွက်ရေး၊ ဆားကွင်းများအတွင်း ယခုမိုးရာသီအမီ စပါးစိုက်ပျိုးနိုင်ရေး၊ တစ်ပြိုင်တည်းမှာပင် ဆားကွင်းများ အချိန်မီပြန်လည်တည်ဆောက်ရေးကို ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် လပွတ္တာမြို့နယ် လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသောသမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် မက်စ်မြန်မာကုမ္ပဏီမှ ဦးဇော်ဇော်တို့နှင့် တွေ့ဆုံ၍ ဆောင်ရွက်မည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးကာ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

မေ ၂၂ ရက် နံနက်ပိုင်းတွင် ဝန်ကြီးသည် ရေယာဉ်ဖြင့် ဆားကွင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လပွတ္တာမြို့နယ် သင်္ကန်းကလေးဆားကွင်းနှင့် ငပုတောမြို့နယ် သမဲ့ဖြူ ဆားကွင်းတို့၌ ဆားလုပ်ငန်းရှင်များနှင့် ဆားတောင်သူများကို တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ ဝန်ကြီးနှင့်အတူ လိုက်ပါလာသော အလှူရှင်များကလည်း စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များနှင့် တည်ဆောက်ရေးပစ္စည်းများကိုလှူဒါန်းကြပြီး လေဘေးသင့် လူနာများအား ဆေးဝါးကုသပေးကြသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ပြင်ခရိုင်ကျေးရွာသို့ ရောက်ရှိပြီး မြောက်ကျောင်းဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ လေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကား ပြောကြားသည်။

ဆွေးနွေး

မေ ၂၃ ရက် နံနက် ၁၁ နာရီခွဲတွင် ဝန်ကြီးသည် ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ မြို့နယ်ဥက္ကဋ္ဌနှင့် ဆားလုပ်ငန်းရှင်များ၊ ဆားတောင်သူများနှင့် တွေ့ဆုံကာ မုန်တိုင်းဒဏ်ကြောင့် ဆားထုတ်လုပ်ရေးလုပ်ငန်းနှင့် လုပ်ငန်းသုံးပစ္စည်းများ၊ အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်၍ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတော်က ပံ့ပိုးကူညီပေးမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ပုသိမ်မြို့မှ တစ်ဆင့် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ရန်ကုန်တိုင်း လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ဗိုလ်ရွဲလမ်းထောင့်ရှိ မူတိုင်ဘုရားကျောင်းက ငွေကျပ် သိန်း၅၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး သန်လျင်မြို့နယ်မှ လေဘေးသင့်အိမ်ထောင်စုဝင်မိသားစုများအား ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။ (ခရိုင်ပြန်/ဆက်)

သန်လျင်မြို့နယ်မှ လေဘေးသင့်မိသားစုဝင်များအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦးနှင့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့်တာဝန်ရှိသူများသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သောက်တော်တွင်းရပ်ကွက်ရှိ ရွှေဘိုပရိယတ္တိစာသင်တိုက်၌ လေဘေးသင့်အိမ်ထောင်စုဝင်များအား ငွေကျပ်ရှစ်သိန်းတန်ဖိုးရှိ အိမ်အသုံးအဆောင်ပစ္စည်းနှင့်ဆေးဝါးများကို တစ်ဦးချင်းထံ ထောက်ပံ့ပေးအပ်ကြပြီး အားပေးစကားပြောကြားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများလိုက်ပါလျက် နေပြည်တော်ရှိ သမ္မတအိမ်တော်၊ လွှတ်တော် အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများနှင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြသည်။

တည်ခင်းဧည့်ခံ

ယင်းနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့်အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက မွန်းလွဲ ၂နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ နေ့လယ်စာဖြင့်တည်ခင်း ဧည့်ခံသည်။

တက်ရောက်

အဆိုပါနေ့လယ်စာစားပွဲသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးတင်ငွေ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးကျော်တင့်ဆွေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

ပြန်လည်ထွက်ခွာ

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့ဝင်များသည် ညနေ ၃နာရီ မိနစ်၂၀တွင် နေပြည်တော်လေဆိပ်မှ အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့်အား တူရကီသံအမတ်ကြီးလာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်အား ပြည်ထောင်စု မြန်မာနိုင်ငံဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Cinar Aldemir သည် ယနေ့ညနေ ၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ ယာယီကွပ်ကဲမှုဌာနတွင် လာရောက်တွေ့ဆုံသည်။**(အပေါ်ပုံ)**

ဆွေးနွေးပြောကြား

ယင်းသို့ တွေ့ဆုံရာတွင် တူရကီ သမ္မတနိုင်ငံ သံအမတ်ကြီး H.E Mr. Cinar Aldemir က တူရကီသမ္မတနိုင်ငံ အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရန် ကမ်းလှမ်းလိုကြောင်းနှင့် လေဘေးသင့် ပြည်သူများအတွက် ဒေါ်လာတစ်သန်းကို ယူနီဆက်အဖွဲ့မှ တစ်ဆင့် ဒေါ်လာငါးသိန်း နှင့် Orcha အဖွဲ့မှ ဒေါ်လာ ငါးသိန်းလှူဒါန်းသွားမည်ဖြစ်ကြောင်း ပြောကြားပြီး ဝန်ကြီးဒေါက်တာကျော်မြင့်က မိမိတို့နိုင်ငံ အနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အိမ်နီးချင်းခြောက်နိုင်ငံနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း ဆွေးနွေးပြောကြား ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်အတွင်း မုန်တိုင်းဒဏ်ခံရသူများအား ကူညီပံ့ပိုးနိုင်ရေးအတွက် သုံးခွမြို့နယ်အသင်း(ရန်ကုန်)မှ လှူဒါန်းသော ဆန်အိတ်၅၀၊ အဝတ်အထည်မျိုးစုံ၆၀၀တို့အား မေ၁၈ရက်က သုံးခွမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ သုံးခွမြို့နယ်အသင်း (ရန်ကုန်)က လှူဒါန်းရာ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်း လက်ခံစဉ်။

(က-ပ)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်တို့ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ တွေ့ဆုံကြစဉ်။

(သတင်းစဉ်)

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့်တွေ့ဆုံ

ရန်ကုန် မေ ၂၃

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီးဦးစိုးသာ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာ ကျော်မြင့်တို့သည် ယမန်နေ့ညနေ ၆နာရီ မိနစ်၄၀တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ် အလုံခန်းမ၌ ရန်ကုန်မြို့တွင်ရောက်ရှိနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် တွေ့ဆုံသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ဝန်ကြီးများနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်နှင့်အတူ ကုလသမဂ္ဂမှ Senior Adviser, Mr. Vijay Nambiar၊ Under Secretary - General and Emergency Relief Coordinator, Mr. John Holmes နှင့် အဖွဲ့ဝင်များတက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ယင်းသို့ တွေ့ဆုံရာတွင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် မြန်မာနိုင်ငံ ပြည်သူများ သေကျေမှု၊ ထိခိုက်ပျက်စီးမှုများအတွက် ဝမ်းနည်းကြေကွဲပါကြောင်း၊ မိမိအနေဖြင့် လေဘေးသင့်ဒေသများသို့ ယနေ့ ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုရသဖြင့် ထိခိုက်ပျက်စီးမှုများကို မျက်မြင်တွေ့ရပါ၍ များစွာစာနာမိပါကြောင်း၊ ယင်းသို့သော သဘာဝဘေးအန္တရာယ်ကြီးမျိုးများ အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီးသည့် နိုင်ငံကြီးများပင်လျှင် ယင်းကဲ့သို့ သဘာဝဘေးအန္တရာယ်မျိုးနှင့် ရင်ဆိုင်ရသည့်အခါ နိုင်ငံတစ်နိုင်ငံတည်းဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်၍ မရနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အကူအညီများ ပံ့ပိုးပေးရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် ဝန်ကြီးများက မကြာမီက ဖြစ်ပေါ်ခဲ့သည့် နာဂစ်မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ၊ နိုင်ငံတော်မှ ကယ်ဆယ်ရေး၊ အကူအညီပေးရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျန်းမာရေး ကဏ္ဍတွင် လေဘေးသင့် ပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးရန် ကျန်းမာရေးအဖွဲ့များ ဖွဲ့စည်းစေလွှတ်၍ ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု၊ အိမ်နီးချင်းနိုင်ငံများမှ ကျန်းမာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ ဆောင်ရွက်လျက်ရှိမှု၊ လေဘေးသင့်ပြည်သူများ၏ လူမှုရေးဆိုင်ရာ စောင့်ရှောက်ပေးနေမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ကြရာတွင် စနစ်တကျရှိစေရေး ညှိနှိုင်းထားမှုတို့ကို ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ်တန်းမှု ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

အမှတ်(၂)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၂ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ဗားကရာလမ်းတစ်လျှောက် ဓာတ်အားလိုင်းတိုင် ၁၅တိုင် ပြုပြင်တည်ဆောက်ခြင်းနှင့် လမ်းမီးများ၊ အများပြည်သူသုံး မီးလိုင်းများ ချိတ်ဆက်သွယ်တန်းခြင်းလုပ်ငန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လှိုင်မြို့နယ် ဘုရင့်နောင်ကားလမ်းတစ်လျှောက် (GEM)(6.6 KV) လိုင်းနှင့် ဂုန်နီစက်ရုံဓာတ်အားခွဲရုံ (33/6.6) KV လိုင်းများ ချိတ်ဆက်သွယ်တန်းမှုနှင့် ဓာတ်အားပို့လွှတ်နိုင်စေရေး လုပ်ငန်းကိုလည်းကောင်း၊ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်လမ်းနှင့် ဗုဒ္ဓတက္ကသိုလ် လမ်းတစ်လျှောက် (6.6 KV) ဓာတ်အားလိုင်းတိုင် ၃၂တိုင် အစားထိုးတည်ဆောက်ခြင်း၊ ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းများ၊ ကမ္ဘာအေးစေတီလမ်းတစ်လျှောက် (33 KV) ဓာတ်အားလိုင်း ၂၄တိုင် အသစ် အစားထိုးတည်ဆောက်မှုနှင့် စိန်ပန်းမြိုင် ဓာတ်အားခွဲရုံမှ မြောက်ကမ္ဘာအေးဖီဒါ၊ တောင်ကမ္ဘာအေးဖီဒါ (33 KV) ဓာတ်အားလိုင်းများ ချိတ်ဆက်သွယ် တန်းခြင်း၊ မရမ်းကုန်းလမ်းဆုံမှ ကုက္ကိုင်းလမ်းဆုံအထိ လမ်းမီးကြိုးများ အသစ်သွယ်တန်းခြင်း ဆောင်ရွက်နေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဓမ္မစေတီလမ်း လောင်းဝစ္စ (I.T.S) ခွဲရုံမှ (6.6 KV)လိုင်းဓာတ်အားတိုင် ၁၅တိုင်အသစ် အစားထိုးစိုက်ထူမှုနှင့် ဘုန်းကြီးကျောင်း ဓာတ်အားလိုင်းများ ချိတ်ဆက်မီးပေးမှု အခြေအနေ၊ ရွှေတိဂုံစေတီတော် ဘုရားပတ်လမ်း (6.6 KV) ရှင်ဥပဂုတ္တဖီဒါနှင့် (400V)လိုင်း ဓာတ်အားတိုင် ၂၁တိုင် အသစ်အစားထိုး တည်ဆောက်နေမှု အခြေအနေများနှင့် ဦးဝိစာရလိုင်း (400 V) ပြည်သူသုံးမီးလိုင်းနှင့် လမ်းမီး (230 V) ကောင်းကင်ဓာတ်အားလိုင်း တိုင် ၂၆တိုင် စိုက်ထူသွယ်တန်းခြင်းတို့ကို ယာဉ်/ စက်ယန္တရား အသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများနှင့် တိုင်ထူခြင်း၊ လိုင်းဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် လှော်ကား-လှိုင်သာယာ အမှတ်(၁)နှင့် (၂) (33KV) ဓာတ်အားလိုင်းတိုင် ခုနစ်တိုင် လဲကျပျက်စီးမှု၊ ရွာမခွဲရုံမှ ခနောင်တိုနှင့် ကွမ်းခြံကုန်း (33KV) Double Circuit လှိုင်မြစ်ကျော် Suspection တာဝါတိုင်နှစ်တိုင် လဲကျပျက်စီးမှုကို သွားရောက်ကြည့်ရှု စစ်ဆေးရာ တာဝန်ရှိသူများက လှိုင်မြစ်ကျော် (33KV) Double Circuit ဓာတ်အား လိုင်းတာဝါတိုင်များ အခြေအနေ၊ တာဝါတိုင်ကျိုးကျပျက်စီးမှုနှင့် လိုင်းကြိုးများအား ပြန်လည်ဆယ်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများ ကိုရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖျာပုံမြို့နှင့် ကျိုက်လတ်မြို့ လေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် မေ ၂၃

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် မေ ၁၆ ရက်က ဖျာပုံမြို့ရှိ ကွပ်ကဲမှုရုံး၌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် တွေ့ဆုံ၍ လေဘေးဒဏ်သင့် ကျောင်းများ ပြန်လည်ပြုပြင်နေမှု အခြေအနေ၊ ကျောင်းသုံးပရိဘောဂများ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ပုံနှိပ်စာအုပ်များ လုံလောက်စွာ ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

ညှိနှိုင်းဖြည့်ဆည်း

ဆက်လက်၍ ဝန်ကြီးသည် ဖျာပုံခရိုင် အားကစားကွင်း၌ ဖွင့်လှစ်ထားရှိသော ကယ်ဆယ်ရေးစခန်း အမှတ်(၁)သို့ သွားရောက်၍ လေဘေးသင့်ပြည်သူများ နိုင်ငံတကာမှ ပေးပို့လှူဒါန်းသော မိုးကာရွက်ဖျင်တဲများဖြင့် စနစ်တကျ နေထိုင်နေမှု၊ ကျန်းမာရေးနှင့်ပြည့်စုံသော သောက်သုံးရေ စီမံထားရှိမှု၊ ယင်လုံ အိမ်သာများ ဆောက်လုပ်သုံးစွဲမှု၊ လျှပ်စစ်မီးနှင့် CDMA တယ်လီဖုန်းများ ဆက်သွယ်ဆောင်ရွက်ထားရှိမှုနှင့် ဆေးပေးခန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မေ ၁၇ ရက်တွင် ဖျာပုံမြို့ လိပ်ဥကုန်း ဘုရားတန်ဆောင်း၌ ဖွင့်လှစ်ထားရှိသော ယာယီ ကယ်ဆယ်ရေး စခန်းသို့သွားရောက်၍ လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ Dagon International Limited၊ TMW Enterprise Limited၊ T.Home မိသားစုများက လာရောက်လှူဒါန်းသော စားသောက်ကုန်နှင့် အဝတ်အထည်များကို လက်ခံကာ အလှူရှင်များနှင့်အတူ လိုက်လံဝေငှ ထောက်ပံ့ပြီး အလှူရှင်များနှင့်အတူ ဖျာပုံမြို့ ဘိုးဘွားရိပ်သာ၌အဘိုး၊အဘွားများအား စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

အလှူငွေများလက်ခံ

ဆက်လက်၍ဝန်ကြီးသည်ကွပ်ကဲမှုရုံး၌ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဈေးကွက်မြှင့်တင်ရေးကော်မတီ၊ ညောင်တုန်းမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် NGO အဖွဲ့အစည်းများမှ လာရောက်လှူဒါန်းသော အလှူငွေများကို လည်းကောင်း၊ မေ ၁၈ ရက်တွင် မြန်မာနိုင်ငံငါးလုပ်ငန်းရှင်များ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း(ချောင်းသာဇုန်)၊မြန်မာ့မီးရထားတို့မှ ပေးပို့လှူဒါန်းသော စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများကိုလည်းကောင်း၊ မေ ၁၉ ရက်တွင် ဟင်္သာတခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လေဘေးသင့်ပြည်သူများအတွက် ပေးပို့လှူဒါန်းသော အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများကိုလည်းကောင်း လက်ခံကာ ကျေးဇူးတင်စကား ပြောကြားသည်။

ကြည့်ရှုနှုတ်ဆက်

ယင်းနောက် ဝန်ကြီးသည် မေ ၂၁ ရက်တွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အတူ ဖျာပုံမြို့ သင်္ဘောဆိပ်သို့ သွားရောက်၍ ဖျာပုံ၊ ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်များအတွင်းရှိ ကျေးရွာများသို့ မြစ်ကြောင်းအတိုင်း ဆေးရုံသင်္ဘောများအဖြစ် ဝင်ရောက်ဆေးကုသပေးမည့် စိန်နှင့်မြ မော်တော်၊ တတိုင်းမွှေးသင်္ဘောနှင့် လှတိုးမောင်မော်တော်များပေါ်သို့တက်ရောက်၍ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ အထူးကု ဆရာဝန်ကြီးများနှင့် ဆေးဝန်ထမ်းများ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ အထူးကု ဆရာဝန်ကြီးများနှင့် ကျန်းမာရေး ဝန်ထမ်းများ၊ အိန္ဒိယသမ္မတနိုင်ငံမှ ဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်အားပေးပြီး ခရီးစဉ်တစ်လျှောက်အဆင်ပြေချောမွေ့ရေးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ သင်္ဘောများ ထွက်ခွာမှုကို ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များနှင့် အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့်အတူ ကြည့်ရှုနှုတ်ဆက်သည်။

ဆေးကုသ

စိန်နှင့်မြ ဆေးရုံသင်္ဘောတွင် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့မှ အထူးကု ဆရာဝန်ကြီးနှစ်ဦး၊ ဆေးဝန်ထမ်းစစ်သည် ငါးဦး၊ ကျန်းမာရေး ဝန်ကြီးဌာနမှ အထူးကု ဆရာဝန်ကြီး နှစ်ဦး၊ ကျန်းမာရေး ဝန်ထမ်း နှစ်ဦး၊ အိန္ဒိယနိုင်ငံမှ ဆရာဝန်နှစ်ဦး၊ကျန်းမာရေးဝန်ထမ်း ၁၃ ဦး၊ တတိုင်းမွှေး ဆေးရုံသင်္ဘောတွင် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီး ၁၂ ဦး၊ ကျန်းမာရေး ဝန်ထမ်းတစ်ဦး၊ လှတိုးမောင်ဆေးရုံ သင်္ဘောတွင် Amara Health Care Foundation မှ ဆရာဝန်ငါးဦး၊ ကျန်းမာရေးဝန်ထမ်း လေးဦးတို့ လိုက်ပါသွားကြပြီး ဖျာပုံမြို့မှ ကျူကျိုက်၊ ရှမ်းကွင်း၊မေင်းဆိပ် ကျေးရွာများနှင့် ဝန်းကျင်ကျေးရွာများသို့ သွားရောက်ကာ ဆေးကုသမှုနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဝန်ကြီးသည် တပ်မတော် ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် အိန္ဒိယသမ္မတနိုင်ငံမှ ဆရာဝန်အဖွဲ့တို့က ဖျာပုံမြို့ရှိ ပြည်သူများအား ဆေးကုသပေးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် ရန်ကုန်တိုင်း ကော့မှူးမြို့နယ်အတွင်းရှိ လေဘေးသင့် ပြည်သူများလက်ဝယ်အရောက် ဆန်၊ စားသောက်ကုန်နှင့် အဝတ်အထည်များကို ထောက်ပံ့ပေးအပ်စဉ်။ (အား/ကာ)

ကော့မှူးမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ လက်ဝယ်အရောက်လှူဒါန်း

ရန်ကုန် မေ ၂၃

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဝင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်သည် မေ ၂၁ ရက် နံနက် ၉ နာရီက လေဘေးသင့်ပြည်သူများသို့ ထောက်ပံ့ပေးအပ်မည့် ပစ္စည်းများ တင်ဆောင်ထား သည့် ယာဉ်တန်းနှင့်အတူ ရန်ကုန်တိုင်း ကော့မှူးမြို့နယ် ပိန္နဲကုန်းကျေးရွာသို့ ရောက်ရှိပြီး ပိန္နဲကုန်း၊ ဇရပ်ကုန်း၊ အဖျောက်၊ ရွာတန်းရှည်၊ ရေဖြူကွင်းနှင့် နတ်ရေတွင်းရွာများမှ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ စည်သွတ်ဘူး၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်နှင့် အဝတ်အထည်များ စုစုပေါင်း ၁၇ မျိုးကို ထောက်ပံ့ ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနနှင့် အားကစားဝန်ကြီးဌာနမှ ဆရာဝန်များ၊ သူနာပြုများက လေဘေးသင့်ပြည်သူများအား ဆေးကုသပေးနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးသည် ကော့မှူးမြို့နယ် နတ်စင်ကုန်းကျေးရွာသို့ ရောက်ရှိပြီး ပတ်ဝန်းကျင်ဘုန်းတော်ကြီးကျောင်းကိုးကျောင်းအတွက်သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကာ နတ်စင်ကုန်း၊ မကျည်းကုန်း၊ ကြာကန်၊ တကူပုံနှင့် ငှက်အော်စမ်း ကျေးရွာများမှ လေဘေးသင့်ပြည်သူများအတွက် ဆန်၊ သောက်ရေသန့်၊ စားသောက်ဖွယ်နှင့် အဝတ်အထည်များကို လေဘေးသင့် ပြည်သူများ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

လိုက်လံကြည့်ရှုအားပေး

ယင်းနောက် ဝန်ကြီးသည် လက်ခိုက်ကျေးရွာသို့ ရောက်ရှိပြီးလက်ခိုက်၊ သာဝတီ၊ ဆပုဂံ၊ ထန်းပင်ချောင်၊ တောင်ချောင်း၊မြောက်ချောင်း၊ညောင်ပင်သာ၊ ဘို့ဒင်နှင့် ပျားမွှတ်ရွာများမှ လေဘေးသင့် ပြည်သူများအတွက် ဆန်၊ သောက်ရေသန့်၊ စားသောက်ဖွယ်နှင့် အဝတ်အထည်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် ကော့မှူးမြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ရန်ကုန်မြို့ Horizon International Education Centre မှသောက်ရေသန့်စက်တစ်လုံး ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အားပေးပြီး ဆေးဝါးကုသမှုခံယူနေသော လူနာများအား လိုက်လံကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

အားပေးစကားပြောကြား

ယင်းနောက် ဝန်ကြီးသည် ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာသို့ စက်လှေများဖြင့် သွားရောက်၍ ကျေးရွာအတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြား၍ ထန်းမနိုင် ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ကိုးရွာမှလေဘေးသင့်ပြည်သူများအတွက် ဆန်၊သောက်ရေသန့်၊ စားသောက်ဖွယ်နှင့် အဝတ်အထည်များကို လေဘေးသင့် ပြည်သူများအား ထောက်ပံ့ပေးအပ်သည်။

လက်ဝယ်အရောက်လှူဒါန်း

အထက်ပါခရီးစဉ် တစ်လျှောက်တွင် နိုင်ငံတော်မှ ထောက်ပံ့သည့် ဆန်အိတ် ၅၀၀၊ စားသောက်ကုန်နှင့် အဝတ်အထည်များ၊ သော်တာဝင်း ဆောက်လုပ်ရေး ကုမ္ပဏီမှ ဆန်အိတ် ၅၀၀၊ခေါက်ဆွဲဖာ ၁၀၀၊H.I.Eကျောင်းမှ သောက်ရေသန့်စက် တစ်လုံး၊ ခေါက်ဆွဲခြောက်ဖာ၆၀၀၊တီရှပ်၄၀၀၀ အပါအဝင် အဝတ်အထည်များ၊အိမ်သုံးပစ္စည်းများ၊ ပဲဝါခြမ်းနှင့် စားသောက်ဖွယ်များကို လေဘေးသင့်ပြည်သူများ လက်ဝယ်သို့အရောက် လှူဒါန်းသည်။ **(သတင်းစဉ်)**

အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

ရန်ကုန် မေ ၂၃

ကျန်းမာရေး ဝန်ကြီးဌာနမှ ဦးဆောင်ကြီးကြပ်မှုဖြင့် အထူးကုဆရာဝန်ကြီးများပါဝင်သော ကွင်းဆင်းကုသရေးအဖွဲ့သည် မေ ၁၇ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်သို့သွားရောက်၍ လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။

ပါဝင်

အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းကုသရေးအဖွဲ့ကို ဆေးတက္ကသိုလ်(၂)ရန်ကုန်မှ ပါမောက္ခချုပ်ဒေါက်တာဦးတင့်ဆွေလတ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်မှ ဌာနမှူးနှင့်အဖွဲ့၊သူနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်ဒေါက်တာဒေါ်ခင်မေအုန်းဦးဆောင်သောအဖွဲ့ဝင်ဆရာဝန်၊ သူနာပြုများ၊ ဒုတိယတိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်နွယ်နီအုန်းနှင့် အဖွဲ့ဝင် ၆၀ ပါဝင်သည်။

ဆေးဝါးကုသပေး

အဆိုပါ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်း ကုသရေးအဖွဲ့သည် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံ၊ မြို့မ အခြေခံပညာ အလယ်တန်းကျောင်း၊ သာသနာ့ဗိမာန်၊ ကရပ်ကျေးရွာရှိ ရွှေပင်ကျောင်းစသည့် နေရာလေးနေရာတို့၌ ဆေးကုသဌာနများ ဖွင့်လှစ်၍ လေဘေးသင့်မှုကြောင့် ဒဏ်ရာရရှိသူ လူနာများနှင့် နာမကျန်း လူနာများ စုစုပေါင်း ၅၁၇ ဦးတို့အား ဆေးဝါးများ ကုသပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ကူညီပံ့ပိုး

ကွင်းဆင်းကုသရေး အဖွဲ့ဝင်များအား ကျောက်တန်းမြို့ ကျန်းမာရေးဦးစီးဌာနမှူးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများပါ ကူညီပံ့ပိုးပေးကြသည်။

ထောက်ပံ့ပေး

ထို့အပြင် ကွင်းဆင်းကုသရေး အဖွဲ့ဝင်များသည် ရေကောင်းရေသန့်ရရှိ သုံးစွဲရေး၊ အစားအစာသန့်ရှင်းရေး၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများ၊ Water Guard ဆေးရည်အသုံးပြုနည်းများ၊ ခတ်ဆားရည် စနစ်တကျ ဖျော်စပ် သောက်သုံးနည်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးပညာပေး ဟောပြောခဲ့ကြသည့်အပြင် အဖွဲ့ဝင်မိသားစုများ လှူဒါန်းသည့် အဝတ်အထည်များ၊ အစားအသောက်များ၊ လူသုံးကုန်ပစ္စည်းများကိုပါ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကော့မှူးမြို့နယ်အတွင်း လေဘေးသင့်ပြည်သူများအား တိုင်းရင်းဆေးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် မေ ၂၃

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှု၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီဝင် အတွင်းရေးမှူး ဦးပေါ်ညိမ်းဦးဆောင်၍ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးမောင်ညဏ်၊ ရန်ကုန်တိုင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှူး ဒေါ်သန်းသန်းမြင့်တို့ ဦးဆောင်သော တိုင်းရင်းဆေး ဆရာ ၁၅ ဦး ပါဝင်သည့်အဖွဲ့သည် ယမန်နေ့ နံနက် ၇ နာရီက ရန်ကုန်တိုင်း ကော့မှူးမြို့နယ် လေဘေးသင့်မြို့ပေါ်ရှိ ရပ်ကွက်များနှင့် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ကွင်းဆင်း၍ တိုင်းရင်းဆေးဖြင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို သွားရောက် ဆောင်ရွက်ကြသည်။

တိုင်းရင်းဆေးကုသရေး အဖွဲ့ဝင်များသည် တိုင်းရင်းဆေးခန်းသုံး ဆေးဝါးများနှင့် ပုဂ္ဂလိက တိုင်းရင်းဆေးများဖြင့် လေဘေးသင့်ပြည်သူများအား ကုသပေးခဲ့ရာ လူနာစုစုပေါင်း ၂၈၉ ဦးအား ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျေးရွာများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဖွံ့ဖြိုးအောင်ဆောင်ရွက်

ဝန်ထမ်းများကလည်း ဒေသခံရပ်မိရပ်ဖများနှင့် ပူးပေါင်းဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် မေ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့်အတူ မေ ၂၀ ရက် နံနက် ၈ နာရီခွဲက ရေးမြို့နယ် ခေါဇာမြို့ရှိ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးက ဒေသဆိုင်ရာ အချက်အလက်နှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်သာအေးက နိုင်ငံတော်အစိုးရအနေဖြင့် မြို့နှင့်ကျေးလက် ကွာဟမှုမရှိအောင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နယ်စပ်ဒေသများပါမကျန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ကျေးရွာများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများကလည်း ဒေသခံရပ်မိရပ်ဖများနှင့်ပူးပေါင်း၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်တို့ကို မှာကြားကာ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များထံ ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်သည်။

ထောက်ပံ့ငွေပေးအပ်

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ခေါဇာမြို့ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံရှိလူနာများအား လိုက်လံကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများကို ပေးအပ်ပြီး ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖူးမြော်ကြည်ညို

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် တိုင်းမှူးနှင့်အတူ ခေါဇာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝံသဒီပအား သွားရောက်ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို ဆက်ကပ်လှူဒါန်းသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ခေါဇာမြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်ဖြင့် လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြုမြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ဖခင် ဦးအောင်ခင်စိန်နှင့် အစ်မ မစမ်းစမ်းဝေတို့ ကောင်းမှုအတွက် ဒေါ်ကြည်မိသားစု တိုက် ၁၀ အခန်း ၂၂ လမ်းသစ်ရိပ်သာ ဘုန်းကြီးလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့က အလှူငွေကျပ်တစ်သိန်းကို ပြင်သစ်နိုင်ငံ သာသနာပြုဆရာတော် ကျွန်းနံ့သာအရှင်နန္ဒသိရီ၏ ရှေ့မှောက်၌ ကပ္ပိယကာရကမှတစ်ဆင့် လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တောင်ပိုင်းနှင့် မြောက်ပိုင်းခရိုင်အတွင်း

ဓာတ်အားလိုင်းများ အသစ်အစားထိုးတည်ဆောက်ခြင်းနှင့်လိုင်းဆွဲခြင်းလုပ်ငန်း

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၁ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီလဝါစက်မှုဇုန်လမ်း ဘုရားကုန်းသို့ရောက်ရှိပြီး သန်လျင်-သီလဝါ စက်မှုဇုန် (5MVA) ဖန်ချက်ခွဲရုံ(33KV)ဖီဒါဓာတ်အားလိုင်း တိုင် ၄၄ တိုင် လဲကျပျက်စီးမှုကို အသစ်ပြန်လည်အစားထိုးတည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းများကို စက်ယန္တရားများအသုံးပြု၍ လျှပ်စစ်ကျွမ်းကျင် လုပ်သားများဖြင့် တည်ဆောက်ခြင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် သုံးခွမြို့နယ်နှင့် ခရမ်းမြို့နယ်အတွင်း ချိတ်ဆက်သည့်(11 KV)နှင့် (400 V)ဓာတ်အားလိုင်းတိုင်များ ကျိုးကျ ပျက်စီးမှုအား သစ်သားလိုင်းတိုင်များဖြင့် အသစ်အစားထိုး တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် သုံးခွမြို့နယ် (33/11 KV)5MVA ဓာတ်အားခွဲရုံသို့ ရောက်ရှိပြီး ဘုရားကုန်း(သန်လျင်)မှ ဓာတ်အားပို့လွှတ်ရောက်ရှိမှုနှင့် သုံးခွမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိမှုအခြေအနေ၊ ခွဲရုံမှ (11 KV)လိုင်းဖြင့် ခရမ်းမြို့နယ်သို့ ဓာတ်အားပို့လွှတ်ပေးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် ရန်ကုန်-ပြည်ကားလမ်းမရှိ လှော်ကားဓာတ်အားခွဲရုံနှင့် ရွှေပြည်သာစက်မှုဇုန်(၁) ဓာတ်အားခွဲရုံကိုလည်းကောင်း၊ လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် ဓာတ်အားခွဲရုံမှ လှိုင်သာယာစက်မှုဇုန်(၅)သို့ ချိတ်ဆက်မည့် (11 KV) ဓာတ်အားလိုင်းအသစ်တိုင်ထူ၊ လိုင်းကြိုးဆွဲခြင်း ဆောင်ရွက်နေမှု**(အပေါ်ပုံ)**အခြေအနေ၌ လှိုင်သာယာ-ညောင်တုန်းကားလမ်းတစ်လျှောက် ဓာတ်အားခွဲရုံ(၂)မှ ထိန်ပင်နှင့် တမာကုန်း(CNG) ဖီဒါ (11 KV) ဓာတ်အားလိုင်းကို ယာဉ်စက်ယန္တရားများ အသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဓာတ်အားလိုင်းတိုင် အသစ်စိုက်ထူခြင်း၊ သံဘားတန်းနှင့် ကြွေသီးများတပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး

ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဂျပန်နိုင်ငံသံရုံးမှ ကောင်စစ်ဝန်တို့တွေ့ဆုံ

ရန်ကုန် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်အား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ကောင်စစ်ဝန် Mr. Mitsuji Suzuka သည် ဒုတိယအတွင်းဝန် Mr. Atsushi IGARASHI လိုက်ပါ၍ ယမန်နေ့နံနက်ပိုင်းက အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံသည်။

ရင်းနှီးစွာဆွေးနွေး

အဆိုပါ တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းမှ အတွင်းရေးမှူး ဦးလှိုင်စိုး၊ တွဲဖက်အတွင်းရေးမှူး ဦးစိန်ထွေး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးသောင်းဝင်း၊ ဦးစောမြဒင်နှင့် ဦးကျော်လှိုင်တို့ တက်ရောက်ကြပြီး လေမုန်တိုင်းသင့် ပြည်သူများအား ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများက အကူအညီပေးနေသည့်ကိစ္စ၊ လေဘေး၊ ရေဘေးသင့်ဒေသများမှ လယ်သမားများအား လယ်ယာမြေပြုပြင်၍ ဆန်စပါးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက်လိုအပ်သောမျိုးစေ့၊ ထွန်၊ ထယ်ကိရိယာစသည့် ပစ္စည်းများ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လိုအပ်သော အကူအညီပေးနိုင်ရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့ကို ရင်းနှီးစွာဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသ အိမ်တွင်းမှု သင်တန်းကျောင်းများ

သင်တန်းဖွင့်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့်စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၁)၊ အဆင့်မြင့်စက်ချုပ် သင်တန်း အမှတ်စဉ်(၂၀)၊ သိုးမွေးစက်ဆွဲသင်တန်းအမှတ်စဉ်(၃)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၀ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင် တက်ရောက်အမှာစကား ပြောကြားသည်။

ဘားအံမြို့

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၇)၊ အဆင့်မြင့်စက်ချုပ် သင်တန်း အမှတ်စဉ်(၁၄) သင်တန်း ဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ ရက်က သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက် အမှာစကားပြောကြားသည်။

မြဝတီမြို့

ကရင်ပြည်နယ် မြဝတီ၊ မွန်ပြည်နယ် မုဒုံ၊ ရေး၊ တနင်္သာရီတိုင်း မြိတ်၊ ကော့သောင်း၊ ရခိုင်ပြည်နယ် မောင်တော၊ ချင်းပြည်နယ် ဟားခါး၊ ဖလမ်း၊ တီးတိန်၊ မင်းတပ်၊ မတူပီ၊ ကန်ပက်လက်မြို့များရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲများကိုလည်း ကျင်းပခဲ့ကြောင်းနှင့် တက်ရောက်သည့် သင်တန်းသူများအနေဖြင့် သင်တန်းကျောင်းသို့ အသွားအပြန် ခရီးစရိတ်များ၊ နေထိုင်စားသောက် စရိတ်များ၊ သင်တန်းသုံးပစ္စည်းများမှာ အခမဲ့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်း ဘိုကလေးမြို့ ဗိုလ်ချုပ်လမ်းရှိ လေဘေးသင့်ခံရသူအိမ်များ ပြန်လည်ပြုပြင်နေသည်ကို ဤသို့တွေ့ခဲ့ရသည်။

လေဘေးသင့်ခံရသော ရောဝတီတိုင်း ဘိုကလေးမြို့ အဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုကို မေ ၂၀ ရက်က ဤသို့တွေ့ရသည်။

ပြန်လည်ထူထောင်ရေးဆောင်ရွက်နေသော ရောဝတီတိုင်း

မုန်တိုင်းဒဏ်ခံခဲ့ရသော ရောဝတီတိုင်း ဘိုကလေးမြို့တွင် ယခုအခါ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အချိန်တိုအတွင်း ထိရောက်စွာ အကောင်အထည်ဖော်လျက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်က ပံ့ပိုးထောက်ပံ့ပေးသော သွပ်၊ သစ် စသည့် အိမ်ဆောက်ပစ္စည်းများဖြင့် လေဘေးသင့်ခံရသည့် နေအိမ်နှင့် အစိုးရအဆောက်အအုံများ ပြန်လည်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

လမ်း၊ တံတားများ ပြန်လည်ပြင်ဆင်မှုမှာလည်း အချိန်တိုအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် သောက်သုံးရေရရှိရေးတို့အပြင် စားနပ်ရိက္ခာများကို မပြတ်တမ်း ဖြန့်ဖြူးပေးလျက်ရှိသည်။

အများပြည်သူသုံး တယ်လီဖုန်းရုံတွင် ပြည်သူများ အလွယ်တကူ ဆက်သွယ်နေသည်ကို ဤသို့တွေ့ရသည်။

ရောဝတီတိုင်း ဘိုကလေးမြို့ရှိ လေဘေးသင့်သူများအတွက် ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ သယ်ယူပေးနေသည်ကို ဤသို့ တွေ့ရသည်။

သတင်းခရီးသည်
မောင်မောင်မြင့်ဆွေ

ဓာတ်ပုံမှတ်တမ်း
တင်စိုး (မြန်မာ့အလင်း)

အားကြိုးမာန်တက်

လျှပ်စစ်မီးများ အမြန်ဆုံးရရှိစေရန် ဝန်ထမ်းများ အားကြိုးမာန်တက် ဤသို့ ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

ရောဝတီတိုင်း ဘိုကလေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ပြန်လည်ပြုပြင်ပြီးစီးနေသည်ကို မေ ၂၀ ရက်ကတွေ့ရစဉ်။



လေဘေးသင့်သူတို့အား ဘဝထူထောင်ရေး စီစဉ် သွပ်၊ သံ၊ မိုးကာဖျင်၊ အိမ်သုံးလူသုံးပစ္စည်းများဖြည့်ဆည်းပေး

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာပွဲ့စည်းမှု - ထိန်လင်း

ဖျာပုံ မေ ၂၃

ရောဝတီတိုင်း ဖျာပုံမြို့ ကယ်ဆယ်ရေးစခန်းအမှတ်(၁)ကို ရောက်ရှိချိန်၌ ညနေ၅နာရီ ထိုးပေပြီ။ လေဘေးသင့်ခံရသူများထားရှိရာ ဖျာပုံမြို့ ဘောလုံးကွင်းမှာ နေရာကျယ်ဝန်းသဖြင့် ကယ်ဆယ်ရေးရွက်ဖျင်တဲများကို လင်းလင်းထင်းထင်း တွေ့မြင်ရသည်။ အားလုံး တရုတ်နိုင်ငံမှ ပေးပို့လှူဒါန်းထားသော အပြာရောင် ရွက်ဖျင်တဲများဖြစ်သည်။

ဖျာပုံမိုးကား ရွာကောင်းဆဲ ဖြစ်သဖြင့် အုပ်ချုပ်ရေးရုံးအဖြစ်ဖွင့်လှစ်ထားသောရွက်ဖျင်တဲအတွင်းဝင်လိုက်ရာ ဖျာပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်နှင့်တွေ့ဆုံလိုက်ရသည်။

ထို့ကြောင့်ကယ်ဆယ်ရေးစခန်းအတွင်း စောင့်ရှောက်ထားသူများနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို မေးမြန်းရာ **"ဒီကယ်ဆယ်ရေးစခန်း အတွင်းမှာတော့ ဖျာပုံမြို့နယ်အတွင်းမှာရှိတဲ့ လေဘေးသင့်ခံရတဲ့ အောက်ကွင်း ကျေးရွာ၊ မှော်ဘီကျေးရွာ၊ အချာကြီးရွာနဲ့ အချာလေး ရွာတို့က ဒေသခံတွေကို ခေါ်ယူ စောင့်ရှောက်ထားတာပါ။ သူတို့ကို ဆန်၊ ဆီ၊ ဆား၊ အာလူး၊ ပဲ၊ငါးခြောက်၊ငါးသေတ္တာ၊ခေါက်ဆွဲခြောက်၊ ရေသန့်စတဲ့ စားနပ်ရိက္ခာနဲ့ အသုံးအဆောင်ပစ္စည်းတွေ ထောက်ပံ့ပေးထားပါတယ်။ ဒီကယ်ဆယ်ရေးစခန်းမှာ လေဘေးသင့်ခံရသူတွေ ကူညီစောင့်ရှောက်ဖို့အတွက် အုပ်ချုပ်ရေးရွက်ဖျင်တဲ၊ ရိက္ခာ၊ စတိုရွက်ဖျင်တဲ၊ ဆေးစတို၊ ကျန်းမာရေးဆေးခန်း၊ စားရိပ်သာ၊ စားဖိုဆောင်စတဲ့ ရွက်ဖျင်**

"ထောက်ပံ့လိုက်တဲ့ ပစ္စည်းတွေနဲ့ ရွာမှာအိမ်ပြန်ဆောက်ပြီး ကိုယ့်လက်ရင်း အလုပ်ကိုပဲ ပြန်လုပ်နေထိုင်မှာပါ"

မယု
ရွက်ဖျင်တဲအမှတ်(၁၅)၌နေထိုင်သူ။

တဲတွေ ရှိသလို ရေချိုးကန်နဲ့ အိမ်သာ ၂၅လုံးကိုလည်း တည်ဆောက်ပေးထားပါတယ်"ဟု ရှင်းပြသည်။

ထို့အပြင် ကယ်ဆယ်ရေးစခန်းအတွင်းလျှပ်စစ်မီးများပေးထားသကဲ့သို့ စေတနာရှင်ပြည်သူများ တိုက်ရိုက်လှူဒါန်းအောင်လည်း စီစဉ် ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။ ထို့နောက် လေဘေးသင့် ခံရသူများအား ပြန်လည်ထူထောင်ရေးကိစ္စနှင့် ပတ်သက်၍ မေးမြန်းရာ**"လေဘေးသင့်ခံရသူတွေ မိမိနေရပ်ပြန်ပြီး မိမိတို့ကိုယ်တိုင် ဘဝထူထောင်မှုရရှိအောင် ထောက်ပံ့မှုတွေ ဖြည့်ဆည်းပေးသွားမှာပါ။ အခုဆိုရင် ကယ်ဆယ်ရေးစခန်းအတွင်းမှာရှိတဲ့ သူတွေကို အိမ်ဆောက် ပစ္စည်းတွေဖြစ်တဲ့ သွပ်၊ သွပ်သံ၊မိုးကာဖျင်(တာပေါ်လင်စ)တွေ ထောက်ပံ့ ပေးနေတဲ့အပြင် အိမ်သုံးကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းတွေလဲ ဖြည့်ဆည်းပေးနေပါတယ်"**ဟု ဦးမျိုးမြင့်ဇော်က ဆက်လက် ရှင်းပြသည်။

ထို့နောက် ကယ်ဆယ်ရေး ရွက်ဖျင်တဲများဘက် ထွက်ခဲ့ရာ ရွက်ဖျင်တဲတစ်လုံးချင်းစီ၏ ရှေ့တွင် သုံးရေအတွက် ပလတ်စတစ် အပြာရောင်ဘူးကြီးများ၊ သောက်ရေအတွက် ၂၀ လီတာဝင် သောက်ရေသန့်ဘူးများကို အတန်းလိုက် စနစ်တကျ ထားရှိသည်ကို တွေ့ရသည်။ ထို့အပြင် သောက်သုံးရေ ပလတ်စတစ်ကန်ကိုလည်း ထားရှိပေးထားသည်။

"လေဘေးသင့်ခံရသူတွေ မိမိနေရပ်ပြန်ပြီး မိမိတို့ကိုယ်တိုင် ဘဝထူထောင်မှု ရရှိအောင် ထောက်ပံ့မှုတွေ ဖြည့်ဆည်းပေးသွားမှာပါ"

ဦးမျိုးမြင့်ဇော်
ဖျာပုံမြို့နယ်ဥက္ကဋ္ဌ။

ကယ်ဆယ်ရေး ရွက်ဖျင်တဲအမှတ်(၃၅)တွင်နေထိုင်သူတစ်ဦးကိုတွေ့ဆုံကာ နေထိုင်စားသောက်ရမှုနှင့်ပတ်သက်၍ မေးမြန်းရာ**"ကျွန်မနာမည်က မခင်မာရီပါ။ မှော်ဘီရွာမှာနေထိုင်ပါတယ်။ မုန်တိုင်းဒဏ်ခံရပြီး ကျွန်မတို့အိမ်ပျက်စီးသွားတဲ့အပြင် ရေထဲမျောပါသွားလို့ အခုလို ကယ်ဆယ်ရေးစခန်းကို ရောက်ရှိလာတာပါ။ ဒီကယ်ဆယ်ရေးစခန်းမှာ ဆန်၊ငါးသေတ္တာ၊ စောင်၊ ခြင်ထောင်၊ အဝတ်အထည်နဲ့ အခြားအသုံးအဆောင်ပစ္စည်းတွေ ရရှိပါတယ်။ စားသောက်နေထိုင်ရတာ အဆင်ပြေမှုရှိပေမယ့် ကိုယ့်ရပ်ရွာပြန်ပြီး အိုးအိမ်တည်ဆောက်နေထိုင်ဖို့ စီစဉ်နေပါပြီ။ ထောက်ပံ့ရေးပစ္စည်းတွေလဲ ရရှိပါတယ်"**ဟုပြောကြားသည်။ ရွက်ဖျင်တဲအတွင်းဝင်ကြည့်လိုက်ရာခြင်ထောင်၊ စောင်နှင့် အသုံးအဆောင်ပစ္စည်းများကို တွေ့ရသည်။

ဆက်လက်ပြီး ရွက်ဖျင်တဲအမှတ်(၈)၌နေထိုင်သူ မခင်မာအေးနဲ့တွေ့ဆုံမေးမြန်းရာ**"ကျွန်မတို့ မိသားစုက အောက်ကွင်းရွာမှာ နေထိုင်တာပါ။ မုန်တိုင်းဒဏ်ခံရပြီး အိမ်ပျက်စီးသွားတာမို့ သက်ဆိုင်ရာ လူကြီးတွေက ဒီကယ်ဆယ်ရေးစခန်းကိုခေါ်လာတာပါ။ အစားအစာ၊ အသုံးအဆောင် ပစ္စည်းတွေ အကုန်ရပါတယ်။ ကျန်းမာရေးလဲ အခမဲ့ကုသခွင့်ရတဲ့အပြင် စေတနာရှင်ပြည်သူတွေလာရောက်လှူဒါန်းတာလဲ တိုက်ရိုက်လက်ခံရရှိပါတယ်။ အခုရွာမှာ အိမ်ပြန်ဆောက်ပြီး နေထိုင်ဖို့တော့ ပြင်ဆင်နေပါပြီ"**ဟုဖြေကြားသွားသည်။ မိသားစု ငါးဦးနေထိုင်သော ရွက်ဖျင်တဲမှာ နေသာထိုင်သာရှိအောင် ကျယ်ဝန်းမှုရှိသည်ကို တွေ့ရသည်။ အပြင်မှာ မိုးရွာနေသော်လည်း ရွက်ဖျင်တဲအတွင်း လုံလုံခြုံခြုံ ရှိနေသည်ကို တွေ့ခဲ့ရသည်။

နေထိုင်ဖို့ စီစဉ်

"ကိုယ့်ရပ်ရွာ ပြန်ပြီး အိုးအိမ် တည်ဆောက် နေထိုင်ဖို့ စီစဉ် နေပါပြီ"

မခင်မာရီ
ရွက်ဖျင်တဲအမှတ်(၃၅)၌နေထိုင်သူ။

ဆက်လက်ပြီး ရွက်ဖျင်တဲအမှတ်(၁၅)၌ နေထိုင်သူ မယုအား တွေ့ဆုံမေးမြန်းရာ **"ကျွန်မတို့ မိသားစုက လေးဦးပါ။ မှော်ဘီရွာမှာ နေထိုင်ပါတယ်။ မုန်တိုင်းဒဏ်ကြောင့် အိမ်ပြိုပြီး ရေထဲပါသွားတာမို့ကယ်ဆယ်ရေးစခန်းရောက်လာတာပါ။စောင်၊ ခြင်ထောင်၊ စားစရာနဲ့ အသုံးအဆောင်ပစ္စည်းတွေ အကုန်ရပါတယ်။ စေတနာရှင် ပြည်သူတွေ လာလှူတာလဲ ရပါတယ်။ ကျွန်မတို့ အနေနဲ့ ကိုယ့်အလုပ်ရှိတဲ့ ရွာကို ပြန်ပြီး နေထိုင်ဖို့ စီစဉ်နေပါပြီ။ အခု ထောက်ပံ့လိုက်တဲ့ပစ္စည်းတွေနဲ့ ရွာမှာ အိမ်ပြန်ဆောက်ပြီး ကိုယ့်လက်ရင်းအလုပ်ကိုပဲ ပြန်လုပ်နေထိုင်မှာပါ'**ဟု ပြောကြားသည်။

ဖျာပုံမြို့ ကယ်ဆယ်ရေးစခန်းအမှတ်(၁)၌နေထိုင်လျက်ရှိသော လေဘေးသင့်ခံရသူများအနေဖြင့် မိမိတို့နေရပ်များသို့ ပြန်ရန် ပြင်ဆင်လျက်ရှိနေပြီး ပြန်လည်ထူထောင်ရေးကိစ္စများကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိနေပြီဖြစ်ပါကြောင်း သတင်းခရီးအဖြစ် ကွင်းဆင်း မေးမြန်းရေးသားလိုက်ရပါသည်။ **။(မြန်မာ့အလင်း)**

ကယ်ဆယ်ရေးစခန်းအတွင်း လျှပ်စစ်မီးများ ပေးထားသလို စေတနာရှင်ပြည်သူများ တိုက်ရိုက် လှူဒါန်းအောင်လည်း စီစဉ်ဆောင်ရွက် ပေးလျက်ရှိ။

လေဘေးသင့်ခံရသူတွေ မိမိနေရပ်ပြန်ပြီး မိမိတို့ကိုယ်တိုင် ဘဝထူထောင်မှု ရရှိအောင် ထောက်ပံ့မှုတွေ ဖြည့်ဆည်းပေးသွားမှာပါ။

အိမ်ဆောက်ဖို့

"ရွာမှာအိမ်ပြန်ဆောက်ပြီး နေထိုင်ဖို့တော့ ပြင်ဆင်နေပါပြီ"

မခင်မာအေး
ရွက်ဖျင်တဲ အမှတ်(၈)၌ နေထိုင်သူ။

ကယ်ဆယ်ရေးစခန်းအမှတ်(၁) ရွက်ဖျင်တဲများ

ဖျာပုံမြို့ ကယ်ဆယ်ရေးစခန်းအမှတ်(၁) ရွက်ဖျင်တဲများ၌ လေဘေးသင့်ခံရသူများ ထားရှိမှုမြင်ကွင်းကို ဤသို့တွေ့ခဲ့ရသည်။

ပါတီညီလာခံ ကိုယ်စားလှယ် ၂၀၂၆ ဦးရရှိရေး ဟီလာရီက ၁၇၀ နှင့်အိုဘားမားက ၁၅၀ လိုအပ်နေ

ဝါရှင်တန် မေ ၂၃

အိုဘားမားကို ဟီလာရီကလင်တန်က အနောက်ပိုင်းဗာဂျီးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲတွင် အနိုင်ရပြီးနောက် ယခုအခါ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေး ရန်ပုံငွေရရန် စီမံဆောင်ရွက်လျက်ရှိသည်။



ဟီလာရီကလင်တန်နှင့် အိုဘားမား။

ဟီလာရီကလင်တန်၏ မဲဆွယ်စည်းရုံးရေးလုပ်ငန်းမှာ ဒေါ်လာသန်း ၂၀ ကြွေးတင်နေသည့်အတွက်လည်း လောလောဆယ် တောင်ပိုင်းကယ်ရိုလိုင်းနားပြည်နယ်တွင်ရောက်ရှိကာ ရန်ပုံငွေရှာလျက်ရှိသည်။

အနောက်ပိုင်းဗာဂျီးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဟီလာရီကလင်တန် အပြတ်အသတ်နိုင်မှုကြောင့် ရန်ပုံငွေဒေါ်လာတစ်သန်း ချက်ချင်းရရှိလိုက်သည်။

လိုနေသေး

ဒီမိုကရက်တစ်ပါတီ ညီလာခံ၌ ပါတီကိုယ်စားပြု သမ္မတလောင်းအဖြစ် နိုဝင်ဘာ သမ္မတရွေးကောက်ပွဲဝင်ရန် ပါတီညီလာခံကိုယ်စားလှယ် ၂၀၂၆ဦး ရရှိရမည်ဖြစ်သည်။ သတ်မှတ် ပါတီညီလာခံကိုယ်စားလှယ်ပြည့်ရန် ဟီလာရီက ၁၇၀နှင့် အိုဘားမားက ၁၅၀ အသီးသီး လိုနေသေးသည်။

ဒီမိုကရက်တစ်ပါတီညီလာခံကို ဩဂုတ် ၂၅ရက်မှ၂၈ရက်အထိ ကျင်းပမည်ဖြစ်သဖြင့် နှစ်ဦးစလုံး ပါတီညီလာခံကိုယ်စားလှယ် ၂၀၂၆ ဦးရရှိရန် မလွယ်တော့ပေ။ အဘယ့်ကြောင့်ဆိုသော် ဤအတောအတွင်း ကျင်းပမည့် ပြည်နယ်အကြိုရွေးကောက်ပွဲများ၌ ထောက်ခံဆန္ဒမဲများကို နှစ်ဦးသား ခွဲဝေယူကြဦးမည်ဖြစ်သောကြောင့် ဖြစ်သည်။ **(အင်တာနက်)**



ဧဝရက်တောင်တက်စခန်း ပြန်လည်ဖွင့်လှစ်ပြီးနောက် ပထမဆုံးအကြိမ် တောင်တက်သမားများ တောင်ထိပ်ရောက်

ခတ္တမန္ဒူ မေ ၂၃

နီပေါနိုင်ငံကဧဝရက်တောင်ထိပ်သို့ (အပေါ်ပုံ) အိုလံပစ် မီးရှူးတိုင်ဖြတ်သန်းသယ်ဆောင်စဉ် ကာလအတွင်း တောင်တက်ခြင်းကို ပိတ်ပင်ထားခဲ့ပြီးနောက် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ပထမဆုံးအကြိမ် တောင်တက်သမားများ တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ပြီ ဖြစ်ကြောင်း မေ ၂၂ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဧဝရက်တောင်ထိပ်သို့ ရောက်ရှိလာသော တောင်တက်သမား ၁၈ ဦးတွင် ကိုးဦးမှာ နိုင်ငံခြားသားများ ဖြစ်ကြောင်း ခရီးသွားတာဝန်ရှိသူများက ပြောကြားသည်။

ရာသီဥတုအခြေအနေမှာ ပို၍ကောင်းမွန်လာပြီဖြစ်၍ တောင်တက်သမားများ ပိုမိုတက်ရောက်နိုင်လိမ့်မည်ဖြစ်ကြောင်းတာဝန်ရှိသူများက ပြောကြားသည်။ (အင်တာနက်)

အီသီယိုးပီးယား ကလေးခြောက်သန်း အငတ်ဘေးနှင့်ရင်ဆိုင်ကြုံတွေ့နေရ

ဂျီနီဗာ မေ ၂၃

အီသီယိုးပီးယားနိုင်ငံ၌ ကလေးခြောက်သန်းခန့် မိုးခေါင်ရေရှားမှုကြောင့် အစာရေစာရှားပါး၍ အငတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂ ကလေးများအေဂျင်စီ (ယူနီဆက်ဖ်)က သတိပေးလိုက်သည်။

လိုအပ်နေ

အီသီယိုးပီးယား ဒေသနှစ်ခုရှိ ကလေး ၆၀၀၀၀ ကျော်မှာ အသက်ရှင်နေထိုင်ရန် အရေးပေါ်အစားအစာများ လိုအပ်နေကြောင်း ယူနီဆက်ဖ်က ပြောကြားလိုက်သည်။

ယင်းအခြေအနေတွင် လာမည့်လများအတွင်း ကောက်ပဲသီးနှံများအထွက်နှုန်း ကျဆင်းခဲ့လျှင် ပို၍ဆိုးရွားလာနိုင်သည်ဟု ဆိုသည်။ ကလေး၂၅၀ကျော်လျှင် တစ်ဦးမျှသာ အချိန်မီကယ်တင်ပါက အသက်ရှင်နိုင်ဖွယ်ရှိကြောင်း အဆိုပါအဖွဲ့က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

လျှင်သတိပေးစက်များ ဗီယက်နမ်၌ ပိုမိုတပ်ဆင်

ဟနွိုင်း မေ ၂၃

ဗီယက်နမ်နိုင်ငံအနေဖြင့် လျှင်သတိပေးစက် ၁၂ခုကို အသစ် ထပ်မံတပ်ဆင်သွားမည်ဖြစ်ရာနိုင်ငံတစ်ဝန်းလုံး၌ လျှင်သတိပေးစက်တပ်ဆင်ထားရာ ၌ာန ၃၆ ခုရှိလာမည်ဖြစ်ကြောင်း ဆေးရုံသတင်းစာက မေ ၂၂ ရက်တွင် ရေးသားဖော်ပြသည်။

ပြောကြား

လျှင်လှုပ်မှု ပိုမိုဖြစ်ပွားနိုင်သည့် ဒေသများတွင် လျှင်သတိပေးစက်များ ပိုမိုတပ်ဆင်မည် ဖြစ်ကြောင်း၊ ထို့အတွက် အမေရိကန်ဒေါ်လာ ၄ ဒသမ ၄ သန်း ရင်းနှီးမြှုပ်နှံရမည်ဖြစ်ကြောင်း ဗီယက်နမ် မြေငလျင်တိုင်းတာရေးအဖွဲ့က ပြောကြားသည်။

လှုပ်နိုင်

ငလျင်အများဆုံး လှုပ်နိုင်သည့်နေရာဒေသမှာဗီယက်နမ်နိုင်ငံ မြောက်ပိုင်းဒေသများ ဖြစ်သည်။ **(အင်တာနက်)**

အိန္ဒိယနှင့် ပါကစ္စတန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ရေး တွေ့ဆုံဆွေးနွေး

အစ္စလမ္မာဘတ် မေ ၂၃

အိန္ဒိယနှင့်ပါကစ္စတန်နှစ်နိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ရေးအတွက် အစ္စလမ္မာဘတ်မြို့၌ အိန္ဒိယနှင့် ပါကစ္စတန် ထိပ်တန်းအရာရှိများ တွေ့ဆုံဆွေးနွေးကြသည်။

ဤတွေ့ဆုံဆွေးနွေးပွဲမှာ ပါကစ္စတန်နိုင်ငံ၌ အရပ်သားအစိုးရ ပြန်လည်အာဏာရရှိပြီးနောက် ပထမဆုံးဆွေးနွေးပွဲဖြစ်သည်။

ပြန်လည်သုံးသပ်

ပြီးခဲ့သည့်နှစ်က နိုင်ငံရေး မတည်မငြိမ်မှုများ ဖြစ်ပွားပြီးနောက် တွေ့ဆုံဆွေးနွေးပွဲကို ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ နယ်စပ်ဖြတ်ကျော်ပစ်ခတ်မှုကြောင့် အိန္ဒိယတပ်သားတစ်ဦး သေဆုံးရကြောင်း အိန္ဒိယကကြေညာအပြီး နောက်တစ်ရက်တွင် နှစ်နိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ် ပြန်လည်သုံးသပ်ကြခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း **နိုင်ငံတကာ မှုခင်းဖြစ်ရပ်**

တဒင်္ဂဒေါသ၏ နောက်ကွယ်တွင်....

ဘော်လ်တန်မြို့ကလေးသည် ဗြိတိန်နိုင်ငံ အနောက်မြောက်ပိုင်း ဂရိတ်တားမန်ချက်စတာ စီရင်စုရှိ လူဦးရေ လေးသိန်းကျော် နေထိုင်သော မြို့ငယ်ကလေး တစ်မြို့ဖြစ်ပြီး အတန်အသင့် စည်ကားသည်။

ပို့ဆောင်ခဲ့

ထိုမြို့ကလေးတွင် ရော်နယ်မာရီနာဆိုသူ လူငယ်တစ်ဦးသည် မိဘ ညီအစ်ကို မောင်နှမများနှင့်အတူ အေးချမ်းသာယာသောဘဝကို လျှောက်လှမ်းနေရသူ ဖြစ်သည်။ မိဘများက အငယ်ဆုံးသား ဖြစ်သူရော်နယ်အပေါ် အချစ်ပိုသကဲ့သို့ ညီအစ်ကို မောင်နှမများကလည်း အထွေးဆုံးမို့ ဝိုင်းချစ်ကြသည်။ ထို့ကြောင့် ချမ်းသာသောမိဘများမှ မွေးဖွားလာသော ရော်နယ်အနေဖြင့် တစ်မိသားစုလုံး၏ ဝိုင်းဝန်း ချစ်ခင်မှုကို ရရှိကာ သူလိုချင်သမျှ လိုတရဖြစ်နေတော့သည်။ ထိုသည်ကပင် လိုချင်သည်ကို မရမက တစ်ဇွတ်ထိုးရယူ လုပ်ဆောင်တတ်သည့် စိတ်သည် ရော်နယ်အား ကြီးစိုး မင်းမူနေတော့သည်။ ဤသို့သော အမူအကျင့်ကပင် သူ့အား အနက်ရှိုင်းဆုံး ချောက်ကမ်းပါးထဲရှိ အမှောင်ကမ္ဘာသို့ ပို့ဆောင်ခဲ့တော့သည်။

စဉ်းစားနေ

ထိုစဉ် ၁၉၉၇ ခုနှစ်က သူ၏အသက်မှာ ၁၈ နှစ်အရွယ်သာရှိသေးပြီးတစ်မိသားစုလုံးက အလိုလိုက်ထားသော အထွေးဆုံးသားပီပီ စိတ်လွတ်ကိုယ်လွတ် စိတ်ကြမ်းကိုယ်ကြမ်းရှိနေသည့်အချိန်ဖြစ်သည်။ ထိုအချိန်တွင် သူသည် လင်းဆိုသော သားတစ်ယောက်မိခင်တစ်ဦးနှင့် တွေ့ဆုံခဲ့သည်။ ထိုအမျိုးသမီးအား သူ့အနေဖြင့် အရူးအမူး ချစ်ကြိုက်ခဲ့လေသည်။ ထိုအမျိုးသမီးအား သူက ချစ်ခွင့်ပန်ခဲ့သော်လည်း လွယ်လွယ်နှင့် လက်မခံခဲ့ချေ။ ထိုအမျိုးသမီးသည် အနေအထိုင် တည်ကြည်မှန်ကန်သောသူတစ်ဦးဖြစ်သောကြောင့်လည်း သူနှင့်ပတ်သက်ပြီး ထိုကဲ့သို့ အချိန်ယူစဉ်းစားနေခဲ့ခြင်း ဖြစ်သည်။

ရှိုင်ယန်မာဆန်။

ရော်နယ်မာရီနာ။

အချိန်ဆွဲ

လင်းသည် ရော်နယ်၏အချစ်ကို လပေါင်းများစွာကြာမှလက်ခံခဲ့သော်လည်း လက်ထပ်ပြီး တစ်အိုးတစ်အိမ် ထူထောင်ကြရန်ကိုမူ ကြန့်ကြာနေခဲ့ပြန်သည်။ လင်းအနေဖြင့် မိန်းမသားပီပီ သူ၏သားငယ်ရှေ့ရေးကို ကြိုတင်တွေးတောပူပန်သကဲ့သို့ ရော်နယ်၏မိဘများ သဘောတူညီမှုကိုလည်း ရရှိမှ လက်ထပ်လိုသောကြောင့် အချိန်ဆွဲနေခြင်း ဖြစ်သည်။

ရန်ဖြစ်ခဲ့

ရော်နယ်အနေနှင့်မူ မချစ်ဖူးသည့် အချစ်ရူးသဖွယ် ဖြစ်နေသူမို့ လင်း၏ သဘောထား အမှန်ကို ချင့်ချိန်စဉ်းစားမှုမပြုနိုင်ခဲ့ပေ။ လင်းသည် သူ့အား အချိန်ဆွဲကာ လှည့်စားနေသည်ဟုသာ ထင်မိတော့သည်။ ထို့ကြောင့်လည်း လက်ထပ်ရေးကိစ္စနှင့်ပတ်သက်ပြီး သူတို့နှစ်ဦး အကြိမ်ကြိမ် စကားများ ရန်ဖြစ်ခဲ့ကြရသည်။ ထိုသို့ ကတောက်ကဆ မကြာခဏဖြစ်သော်လည်း ရော်နယ်မှာ လင်းအပေါ်တွင် ကြာရှည်စွာ စိတ်မဆိုးနိုင်သကဲ့သို့ လင်း၏ အိမ်သို့လည်း အဝင်အထွက် မပျက်ခဲ့ပေ။

ကာရံပေး

၁၉၉၇ခုနှစ်၏ နေ့တစ်နေ့တွင်မူ ရော်နယ်သည် လင်း၏ အိမ်ခြံစည်းရိုးကို ပြုပြင် ကာရံပေးနေခဲ့သည်။ ထိုအချိန်တွင် လင်းသည် သူ၏ ဘေးနားတွင် ရှိနေသကဲ့သို့ ကျောင်းအားသဖြင့် အိမ်တွင်ရှိနေသော လင်း၏သား အသက် ၁၁ နှစ်အရွယ်ရှိ ရှိုင်ယန်မာဆန်သည်လည်း ရှိနေသည်။

အချေအတင်

ထိုစဉ်တွင် ရော်နယ်နှင့်လင်းတို့ ထုံးစံအတိုင်း လက်ထပ်ရေးကိစ္စနှင့်ပတ်သက်ပြီး စကားအချေအတင်ငြင်းခုံရာမှ ဒေါသထွက်နေသော ရော်နယ်က လင်းအား ရိုက်ခဲ့မိလေသည်။

ထိုအခါ အနားတွင်ရှိနေသော လင်း၏သား ရှိုင်ယန်မာဆန်က ရော်နယ်အား ထိုးကြိတ် ကန်ကျောက်ခဲ့တော့သည်။ ရော်နယ်မှာ အသားနာသွားသဖြင့် ဒေါသအလျောက်ခြံကာရာတွင် သုံးသောဓားဖြင့် ရှိုင်ယန်မာဆန်၏ ဗိုက်အား ထိုးကာ အနီးရှိတူဖြင့် ထုမိတော့သည်။

ထောင်ဒဏ်ချမှတ်

ရှိုင်ယန်မှာ အသံပင်မထွက်နိုင်တော့ဘဲ လဲကျသေဆုံးခဲ့သည်။ ထိုအမှုနှင့်ပတ်သက်၍ သူ့အား ကလေး သူငယ်ပြစ်မှု ကျူးလွန်သူအနေဖြင့် ထောင် ၁၈လ ကျခံခဲ့စေသည်။ ၁၄လ ကျခံပြီးနောက် သူ၏အမှုကို အမှုကြီးအဖြစ် ပြန်လည်စစ်ဆေးပြင်ဆင်ကာ အသက် ၂၃နှစ်အရွယ်ရှိ ရော်နယ်မာရီနာအား ၂၀၀၂ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင်ထောင်ဒဏ်တစ်သက်တစ်ကျွန်း ချမှတ်ခဲ့သည်။

သင်ခန်းစာယူ

စိတ်နောက်ကိုယ်ပါ လိုက်ပါမိသော ရော်နယ်မာရီနာမှာ တဒင်္ဂဒေါသ၏ နောက်ကွယ်တွင်ရှိသော ဆိုးကျိုးအဖြစ် ဥပဒေ၏အဆုံးအမကို ခံယူကာ ယနေ့အထိ တစ်သက်တစ်ကျွန်း ထောင်ဒဏ် ကျခံနေရသော ရော်နယ်မာရီနာ၏သင်ခန်းစာယူဖွယ်ရာအဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

24-5 (15).pmd 1 5/24/2008, 2:09 AM

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

စီရိုနယ်ဒိုအား ခေါ်ယူရန်ကြိုးစားမှု ရီးရဲမက်ဒရစ်အသင်း လက်လျှော့လိုက်ရ



လန်ဒန် မေ ၂၃

ရီးရဲမက်ဒရစ်အသင်း အနေဖြင့် မန်ယူ တောင်ပံကစားသမား စီရိုနယ်ဒို(ဝဲပုံ)အား ခေါ်ယူရန် ကြိုးစားနေခြင်းမှာ အချည်းနှီးသာ ဖြစ်လိမ့်မည်ဖြစ်ကြောင်း ရီးရဲမက်ဒရစ်အသင်း နည်းပြ ဘန်းရှူးစတားက ဝန်ခံပြောကြားလိုက်သည်။

ကြိုးစား

အသက် ၂၃ နှစ်ရှိ စီရိုနယ်ဒိုသည် လွန်ခဲ့သော သီတင်းပတ်က စပိန်နိုင်ငံ၌ တစ်ချိန်ချိန်တွင် သွားရောက်ကစားရန် ဆန္ဒရှိခဲ့ကြောင်း ပြောကြားခဲ့ပြီးနောက် ရီးရဲမက်ဒရစ်က ခေါ်ယူရန် ကြိုးစားလျက်ရှိသည်။

မိမိတွင် ကစားသမားကောင်းများစွာရှိကြောင်း၊ ယခုနှစ်၌ စပိန်လာလီဂါဖလားကို ရအောင်ကစားနိုင်ကြကြောင်း ဘန်းရှူးစတားက ပြောကြားသည်။

မိမိအနေဖြင့် စီရိုနယ်ဒိုအားခေါ်ယူနိုင်လိမ့်မည်ဟု မထင်မှတ်ကြောင်း၊ ၎င်းသည် မန်ယူကို ပရီမီယာလိဂ်ဖလားရအောင် ကစားပေးနိုင်သည့်အပြင် ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့လည်း အရောက်ပို့ပေးနိုင်ခဲ့ကြောင်း နည်းပြဘန်းရှူးစတားက ပြောကြားသည်။

ချုပ်ဆိုခဲ့

စီရိုနယ်ဒိုသည် ပြီးခဲ့သည့်နှစ်က မန်ယူနှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုခဲ့ရာ၂၀၁၂ခုနှစ်အထိ အိုးထရက် ဖို့ဒ်၌ ကစားလိမ့်မည်ဖြစ်သည်။

(အင်တာနက်)

ချန်ပီယံလိဂ်ပွဲအပြီးနည်းပြတို့ရဲ့စကားသံ

လန်ဒန် မေ ၂၃

ချန်ပီယံလိဂ်သမိုင်းရဲ့ ထူးခြားတဲ့ အင်္ဂလိပ်ဘောလုံးနှစ်သင်း ဗိုလ်လုပွဲမှာတော့ မန်ယူတို့က ချယ်လ်ဆီးအသင်းကို ခြောက်ဂိုး-ငါးဂိုးနဲ့ ပယ်နယ်တီ အဆုံးဖြတ်အထိ အနိုင်ကစားပြီး ချန်ပီယံလိဂ်ဖလားကို သုံးကြိမ်မြောက် ဆွတ်ခူးသွားခဲ့ပြီဖြစ်ပါတယ်။ (အောက်ပုံ)

ဒီချန်ပီယံလိဂ် ဗိုလ်လုပွဲကတော့ တကယ့်ကို ရင်ခုန်စရာကောင်းသလို နည်းပြနှစ်ဦးရဲ့ပွဲအပြီး ပြောစကားတွေကလည်း ရင်ထဲကလာတဲ့အသံတွေမို့ ဖော်ပြလိုက်ပါတယ်။ ချန်ပီယံလိဂ်ဖလားကိုဆွတ်ခူးနိုင်ခဲ့တဲ့မန်ယူနည်းပြ ဖာဂူဆန်က **"ဒီပွဲကိုခက်ခက်ခဲခဲကစားရမယ်ဆိုတာ ကျွန်တော် ကြိုတွက်ထားတယ်။ ကျွန်တော့်လူတွေရဲ့ အနေအထားက အကောင်းဆုံးဖြစ်နေတာမို့ ဖလား ရယူနိုင်လိမ့်မယ်လို့တော့ ယုံကြည်ထားပါတယ်။ စီရိုနယ်ဒို ပယ်နယ်တီမဝင်တော့ စိတ်ပျက်သွားတာ အမှန်ပါပဲ။ ဒါပေမယ့် ကျွန်တော်**

တို့ ကံကောင်းခဲ့ပါတယ်။ တကယ်တမ်း ကျွန်တော်တို့ဂိုးသွင်းခွင့်တွေရခဲ့တာကိုသာအသုံးချနိုင်ခဲ့ရင်ပယ်နယ်တီ အထိရောက်စရာမလိုပါဘူး။ ချန်ပီယံလိဂ်ဖလားကို ကျွန်တော်တို့ထိုက်ထိုက်တန်တန် ရယူနိုင်ခဲ့တာပါ" လို့ ပြောကြားသွားပါတယ်။

ပြောကြား

ဒီလိုပါပဲ ချယ်လ်ဆီးအတွက် ချန်ပီယံလိဂ် ဖလားကို ရယူမယ်လို့ မျှော်လင့်ထားတဲ့ ချယ်လ်ဆီးနည်းပြ ဂရန့်ကလည်း "ဒီပွဲမှာ ဖလားရရှိလိမ့်မယ်လို့မျှော်လင့်ချက်ကြီးကြီးထားခဲ့တယ်ဆိုတာ ဝန်ခံပါတယ်၊ ဒီပွဲမှာ ကျွန်တော့်ကစားသမားတွေရဲ့ အားထုတ်မှုက ပြောစရာမရှိပါဘူး၊ အမှားအယွင်းတွေ ရှိခဲ့ပေမယ့် ဒရော့ဘာ အထုတ်ခံရတဲ့ နောက်ပိုင်းမှာ ထိခိုက်မှုတွေဖြစ်ခဲ့ရတယ်၊ တယ်ရီရဲ့ ပယ်နယ်တီ လွဲချော်မှုကိုလည်း ကျွန်တော် အပြစ်မပြောလိုပါဘူး၊ဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါပဲ၊ ကျွန်တော့်အနေနဲ့ ချယ်လ်ဆီးအသင်းကို ချန်ပီယံလိဂ် ဖလား ရယူမပေးနိုင်တာတော့ စိတ်ထိခိုက်မှုဖြစ်ရပါတယ်" လို့ ပြောကြားသွားပါတယ်။

ဒါ့အပြင် ချယ်လ်ဆီးအတွက် ပယ်နယ်တီဝင်အောင် မကန်သွင်းနိုင်ခဲ့တဲ့ တယ်ရီကလည်း "အံ့သြစရာကောင်းတဲ့ ဖြစ်ရပ်ပါပဲ၊ ကျွန်တော် ကိုယ်တိုင် မယုံကြည်ချင်ပါဘူး၊ ကျွန်တော့်ဘဝမှာ ဘယ်တော့မှ မေ့ပျောက်လို့ မရနိုင်တော့တဲ့ အဖြစ်အပျက်ပါပဲ၊ပရိတ်သတ်တွေအတွက် ကျွန်တော် စိတ်မကောင်းပါဘူး၊ တကယ့်ကို ကြေကွဲအောင် ခံစားရပါတယ်" လို့ ပြောကြားသွားပါတယ်။

ဒီလိုပါပဲ မန်ယူအတွက် ပယ်နယ်တီဝင်အောင် မကန်သွင်းနိုင်ခဲ့တဲ့ စီရိုနယ်ဒိုကလည်း "ကျွန်တော့်စိတ်တွေ အရမ်းလှုပ်ရှားနေတယ်၊ အရင်က ပယ်နယ်တီတွေ ကန်ခဲ့ရတာနဲ့ မတူဘူး၊ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်၊ ကျွန်တော် ဘယ်လိုပြောရမှန်း မသိဘူး၊ ဂိုးမဝင်တဲ့အချိန်မှာ တစ်ကိုယ်လုံးဝမ်းနည်းစိတ်တွေ ဖြစ်သွားတယ်၊ နောက်ဆုံး မန်ယူဖလား ရယူနိုင်ခဲ့လို့ ပျော်ရွှင်ခဲ့ရပါတယ်" ဟု ပြောကြားသွားပါကြောင်း။ ။

ဖြိတိန်တိုက်ကွမ်ဒိုမယ် အိုလံပစ်၌ဆင်နွှဲမည်

လန်ဒန် မေ ၂၃

အသက်၂၅နှစ်သာရှိသေးသည့် ဗြိတိန်တိုက်ကွမ်ဒို အားကစားမယ် စတီဗင်ဆင်(**အောက်ယာပုံ**)သည်အိုလံပစ် အားကစားပြိုင်ပွဲကို တတိယအကြိမ် မြောက်အဖြစ် ပါဝင်ကစားမည် ဖြစ်သည်။

စတီဗင်ဆင်သည် နယ်သာလန်နှင့် ဘယ်လ်ဂျီယံ အိုးပင်းပြိုင်ပွဲများတွင် ငွေတံဆိပ် ဆွတ်ခူးနိုင်ခဲ့ပြီး ပေကျင်းအိုလံပစ်တွင် ၆၇ ကီလိုတန်း၌ ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

ဗြိတိန်တိုက်ကွမ်ဒို အသင်းမှ အသက်၁၇နှစ်ရှိကွတ်သည် မကြာသေးမီက ကမ္ဘာ့ဂျူနီယာချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပြီး ၈၀ကီလိုတန်း၌ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အသက် ၁၈ နှစ်ရှိ ဟာဗေးသည် ၅၈ကီလိုတန်းတွင် ပါဝင်ယှဉ်ပြိုင်မည်ဟုဆိုသည်။ **(အင်တာနက်)**

ချယ်လ်ဆီးနည်းပြဟောင်း မော်ရင်ဟို တစ်လအတွင်း နည်းပြအလုပ်ရှာမည်

လစ္စဘွန်း မေ ၂၃

ချယ်လ်ဆီးနည်းပြဟောင်းဟိုဆေး မော်ရင်ဟို(**ယာပုံ**)က ၎င်းအနေဖြင့် နည်းပြအလုပ်ကို တစ်လအတွင်း ရှာဖွေသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

ယခု လိဂ်ပြိုင်ပွဲများပြီးဆုံးသွားပြီဖြစ်သော်လည်း မည်သည့်ကလပ်သို့ သွားရောက် နည်းပြလုပ်ရမည်ကို မသိသေးကြောင်း၊ သို့သော်လည်း တစ်လအတွင်း မဖြစ်မနေ နည်းပြရာထူးအတွက် ကြိုးစားရှာဖွေသွားမည်ဖြစ်ကြောင်း မော်ရင်ဟိုက ပြောကြားလိုက်သည်။ စက်တင်ဘာလက ချယ်လ်ဆီးအသင်းမှ ထွက်ခွာလာခဲ့သော မော်ရင်ဟိုသည် အီတလီစီးရီးအေကလပ် အင်တာမီလန်ကခေါ်ယူရန် ကမ်းလှမ်းထားခဲ့ခြင်းကို ငြင်းဆိုခဲ့သည်။

နည်းပြကောင်းတစ်ဦး

မော်ရင်ဟိုသည် ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလားနှစ်လုံးနှင့် အက်ဖ်အေဖလားဆွတ်ခူးမပေးမီ ပေါ်တိုအသင်းကို ချန်ပီယံလိဂ်ဖလားရအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြကောင်းတစ်ဦး ဖြစ်သည်။ **(အင်တာနက်)**

ဂျပန်ဂေါက်သီးကစားသမား အီမာဒါ ပီဂျီအေဖလား ပထမဆုံးဆွတ်ခူး

ဂျော်ဂျီယာ မေ ၂၃

ဂျပန် ဂေါက်သီးကစားသမား အီမာဒါ(**အပေါ်ပုံ**)သည် ဂျော်ဂျီယာနိုင်ငံတီပီစီဆူဂါလော့ဖ်ဂေါက်ကလပ်၌ ကျင်းပသော အေတီအင်န်တီကလပ်ဆစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ကိုလံဘီယာဂေါက်သီး ကစားသမား ကင်နီပါရီနှင့် ကျင်းပိုကစားပြီး ပထမဆုံး ပီဂျီအေဖလားကို ဆွတ်ခူးသွားသည်။

အီမာဒါနှင့် ကင်နီပါရီတို့သည် နောက်ဆုံးရက် ကစားပြီးချိန်တွင် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ၁၅ ချက်စီ လျှော့ရိုက်နိုင်ခဲ့သဖြင့် ရမှတ်ချင်း တူနေသည်။

ယင်းတို့နှစ်ဦးသည် ၁၈ကျင်း ပြည့်လည်ကစားခဲ့ကြသည်။ ကင်နီပါရီရိုက်သော ဂေါက်သီးမှာ ရေထဲသို့ ကျသွားခဲ့သည်။ အသက် ၃၁နှစ်ရှိ အီမာဒါသည် ငါးချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးရရှိသွားသည်။

(အင်တာနက်)

ဟာရစ်ဆန်နှင့် စကယ်တန် ဟဲဗီးဝိတ်ချန်ပီယံလုမည်

လန်ဒန် မေ ၂၃

ဗြိတိသျှလက်ဝှေ့သမားများ ဖြစ်ကြသည့် ဟာရစ်ဆန်နှင့်မက်စကယ်တန်တို့သည် ဇူလိုင် ၁၂ ရက်တွင် လန်ဒန်မြို့ အိုတူးအားကစားကွင်းကြီး၌ ဒဗလျူဘီစီ ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်လုပွဲအဖြစ် ထိုးသတ်ရန် မျှော်လင့်ထားကြသည်။

အသက် ၃၆ နှစ်ရှိ ဟာရစ်ဆန်သည် ဖေဖော်ဝါရီလက ရက်ဒင်းမှ မိုက်ကယ် စပ္ပေါ့အား အလဲထိုးနိုင်ခဲ့ပြီးနောက် ဟဲဗီးဝိတ်ချန်ပီယံတန်းတက်ထိုးရန် မျှော်လင့်ထားသည်။

ဘရက်ဖို့ဒ်မှ အသက် ၄၁ နှစ်ရှိ စကယ်တန်သည် ဇန်နဝါရီလက ရုရှား ဒဗလျူဘီအေချန်ပီယံ ချာဂေ့ဗ်အား ရှုံးနိမ့်ခဲ့သည်။ ဟာရစ်ဆန်သည်လည်း ပီတာအား အပျော်တမ်း လက်ဝှေ့ပြိုင်ပွဲတွင် အနိုင်ရခဲ့ပြီးနောက် ဟဲဗီးဝိတ်ချန်ပီယံတန်း တက်ရောက်ထိုးရန် ကြိုးစားနေခြင်းဖြစ်သည်။

ထိုးသတ်မည်

စကယ်တန်သည် ကြေးစားလက်ဝှေ့ပြိုင်ပွဲ ၂၃ပွဲ ထိုးသတ်ခဲ့ရာတွင် နှစ်ပွဲသာ အရှုံးရှိခဲ့သူဖြစ်သည်။ ၎င်းသည် ဇူလိုင် ၇ ရက်တွင် ဥရောပဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်အတွက် ဆာမိဆပ်နှင့်ထိုးသတ်မည်ဟု ဆိုသည်။ အသက်၂၇နှစ်သာ ရှိသေးသည့် နိုင်ဂျီးရီးယားနွယ်ဖွားပီတာသည် လက်ဝှေ့ သမားဘဝသက်တမ်း တစ်လျှောက် ပွဲပေါင်း ၃၀ အနိုင်ရရှိခဲ့သည်။ (အင်တာနက်)





ဟာရစ်ဆန်(ဝဲ)နှင့် စကယ်တန်။

မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုး စုစည်းသည်

အင်တာနက်သတင်းအတိုအထွာ

- ဘာစီလိုနာအသင်းသည် အာဆင်နယ်မှ ဗန်ပါစီ၊ သီအိုဝေါလ်ကော့နှင့် လက်ဘ်တို့အား ခေါ်ယူရန် လေ့လာစုံစမ်းလျက်ရှိသည်။

* **အာဆင်နယ်အသင်းမှ အဒီဘာယောသည် ဘာစီလိုနာအသင်းသို့ ထွက်ခွာခဲ့ပါက နည်းပြ အာစင်ဝင်းဂါးအနေဖြင့် ဘလက်ဘန်း တိုက်စစ်မှူး ဆန်တာခရုဇ်အား ခေါ်ယူမည်ဟုဆိုသည်။**

- လီဗာပူးအသင်းက အက်စတွန်ဗီလာအသင်းခေါင်းဆောင် ဂရက်တာရီအားခေါ်ယူရန် ကမ်းလှမ်းထားမှု မအောင်မြင်ပါက မစ်ဒယ်ဘရော့ တောင်ပံကစားသမား ဒေါင်းနင်းအား ပေါင်၁၂သန်းဖြင့် ခေါ်ယူမည်ဟု နည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ပြောကြားသည်။

* **အိုးထရက်ဖို့ဒ်သို့ ၂၀၀၄ခုနှစ်ကရောက်ရှိခဲ့သော အသက် ၂၂နှစ်အရွယ်ရှိ မန်ယူခံစစ်မှူး ပီကေးအား ဘာစီလိုနာအသင်းက ပေါင်ခြောက်သန်းဖြင့် ခေါ်ယူရန် သဘောတူညီခဲ့သည်ဟု ဆိုသည်။**

- အန်ဖီးလ်မှထွက်ခွာရန်ပြင်နေသော ကွင်းလယ်ကစားသမား ဟာရီကီးဝဲလ်အား ပို့စ်မောက်အသင်းက တစ်ပတ်လျှင် ပေါင် ၅၀၀၀၀ဖြင့် စာချုပ်ချုပ်ဆိုခေါ်ယူရန် စီစဉ်နေသည်။

* **ချယ်လ်ဆီးတိုက်စစ်မှူး ဒရော့ဘာအား အခြားအသင်းများက ခေါ်ယူရန် ဆက်သွယ်ခဲ့သော်လည်း လာမည့်ရာသီကုန်အထိ စတမ်းဖို့ဒ်ဘရစ်ဂျ်တွင်ရှိနေဦးမည်ဟု ၎င်းက ပြောကြားသည်။**

- ဝက်စ်ဟမ်းအသင်းသည် မန်ယူတိုက်စစ်မှူး လူးဝစ်ဆာဟာနှင့် ဘော်လ်တန်တောင်ပံကစားသမား ဒွိုက်ယော့တို့အားခေါ်ယူရန် စဉ်းစားနေသည်ဟု ဆိုသည်။

* **မန်ယူနှင့်ဘာစီလိုနာတို့သည် ဆီဗီလာ ညာနောက်ခံလူ ဒင်နီယယ်အဲလ်ဗက်စ်အားခေါ်ယူရန် အပြိုင်အဆိုင်ကြိုးပမ်းလျက်ရှိသည်။**

- ဖီအိုရင်တီးနားဂိုးသမား ဖာရေးအား အာဆင်နယ်အသင်းက ခေါ်ယူရန် စိတ်ဝင်စားနေသည်ဟု ဆိုသည်။

* **အူဒီးနိစ်အသင်းမှ ပေါင်ရှစ်သန်းတန် ဘယ်နောက်ခံလူ အန်ဒရီယာဒေါ့ဆီနာအား လီဗာပူးအသင်းက စာချုပ်ချုပ်ဆို ခေါ်ယူနိုင်ရေး နီးစပ်လာပြီဟု ဆိုသည်။**

- အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်သည် အပြောင်းအရွှေ့ဈေးကွက်တွင် သုံးစွဲရန် ပေါင်သန်း၂၀ခွင့်ပြုချက်ရပြီးနောက် အသင်းနှင့် စာချုပ်သစ် ထပ်မံချုပ်ဆိုမည်ဟု ဆိုသည်။

* **ဘလက်ဘန်းအသင်းသည် အက်စ်ပန်ညိုအသင်းမှ ခံစစ်မှူး တိုရီဂျွန်နှင့် တိုက်စစ်မှူး ကိုရိုမီနက်စ်တို့အား ပေါင် ၁၁သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက် ရှိသည်။**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်အဖွဲ့ဝင်များအားလက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော် ရန်ကုန်မြို့၌ရောက်ရှိနေသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့် အဖွဲ့ဝင်များအား မေ ၂၂ရက် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီးဦးကျော်တင့်ဆွေ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့် အဖွဲ့ဝင်များ အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✳ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
- ✳ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

သံတမန်များ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ အလှူရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ

လေဘေးသင့်ဒေသများသို့ သွားရောက်ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၃

ရန်ကုန်မြို့၌ ရောက်ရှိနေသော ပြည်တွင်း၊ ပြည်ပမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့သုံးဖွဲ့ခွဲကာ ရဟတ်ယာဉ်ခြောက်စင်းဖြင့် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ သွားရောက်၍ လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ကြိုဆို

ရှေးဦးစွာ လေ့လာရေးအဖွဲ့(၁)သည် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရဟတ်ယာဉ်နှစ်စင်းဖြင့် ထွက်ခွာလာကြရာ နံနက် ၉နာရီ မိနစ်၂၀တွင် ဖျာပုံမြို့သို့ ရောက်ရှိကြပြီး ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ ●

ပြည်တွင်း၊ ပြည်ပမှ သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အလှူရှင်နိုင်ငံများမှ အလှူရှင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ ဒေးဒရဲမြို့နယ် ကျုံဒါးကျေးရွာရှိ လေဘေးကယ်ဆယ်ရေးစခန်းတွင် ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

24-5 (20).pmd 1 5/24/2008, 2:09 AM